# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily

၁၃၈၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်    ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၆ ရက်၊ အင်္ဂါနေ့    အတွဲ (၆၃)၊ အမှတ်(၁၂၉)


## ဗြာဟ္မဏ

နက်နဲသော ပညာရှိသော၊ ထက်မြက်သော ပညာရှိသော၊ လမ်းမှန်ဟုတ်သည်မဟုတ်သည်၌ လိမ္မာသော၊ အရဟတ္တဖိုလ်သို့ ရောက်ပြီးသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရားဟော၏။

ဗြာဟ္မဏဝဂ်(ဓမ္မပဒ-၄၀၃)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၇၅)နှစ်မြောက် စိန်ရတုဆက်သွယ်ရေးတပ်ဖွဲ့နေ့ အထိမ်းအမှတ်ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၇၅)နှစ်မြောက် စိန်ရတုဆက်သွယ်ရေးတပ်ဖွဲ့နေ့အခမ်းအနားသို့ တက်ရောက်ချီးမြှင့်

## ဆက်သွယ်ရေးတပ်ဖွဲ့သည် တပ်မတော်အတွက် အရေးပါရုံသာမက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အရေးပါသည့်အခန်းကဏ္ဍတွင် ပါဝင်နေသည်ကို တွေ့ရှိရမည်

နေပြည်တော် ဖေဖော်ဝါရီ ၅

(၇၅)နှစ်မြောက် စိန်ရတုဆက်သွယ်ရေးတပ်ဖွဲ့နေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမဦ့ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်ချီးမြှင့်သည်။ စာမျက်နှာ ၃ ကော်လံ ၁ ❖

## ယနေ့ ဖတ်စရာ


ကံပိုင်တည်ကုန်သွယ်ရေးစခန်းမှ တစ်သျှူးငှက်ပျော၊ ဆန်နှင့် ရွှေဖရုံတင်ပို့ — စီးပွားရေးသတင်းများ — စာ ၁၅

တိုင်းရင်းသားစည်းလုံးညီညွတ်မှု သို့မဟုတ် ပြည်ထောင်စု၏ တစ်ခုတည်းသောအဖြေ — ဆောင်းပါး — စာ ၁၆

မြန်မာ့အလင်း

# မျိုး၊ မြေ၊ ရေ၊ နည်း (၄)ချက်ညီ

မိမိတို့နိုင်ငံ၏ စီးပွားရေးအခြေအနေသည် နိုင်ငံရေးပြဿနာများ၊ အကြမ်းဖက်တိုက်ခိုက်မှုများ၊ တားဆီးပိတ်ဆို့မှုများ စသည့် အခက်အခဲ၊ အကျပ်အတည်းများကြားမှပင် တိုးတက်နေပါသည်ဟု ပြော၍ရသည့်အခြေအနေတစ်ရပ်တွင် ရှိနေသည်။ အကယ်၍သာ အဆိုပါအခက်အခဲများမရှိပါက ယခုထက် ပိုမို၍ ဖွံ့ဖြိုးတိုးတက်မှုရရှိနိုင်မည်ဖြစ်ရာ လက်ရှိနိုင်ငံ၏ စီးပွားရေးသည် ဖြစ်သင့်ဖြစ်ထိုက်သည့်အနေအထားသို့ မရောက်ရှိသေး။

စီးပွားရေးတွင် အပေါင်းလက္ခဏာပြနေသော်လည်း တစ်ဖက်တွင် ကုန်ဈေးနှုန်းကြီးမြင့်မှုဒဏ်ကို စားသုံးသူပြည်သူတို့ ခံစားနေကြရသည်။ ထုတ်လုပ်မှုနှင့် လိုအပ်မှုတို့အကြား ကွာခြားချက်များ ဖြစ်ပေါ်နေခြင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ်များ မြင့်မားနေခြင်းဟူသော အခြေခံအကြောင်းတရားများက ကုန်ဈေးနှုန်းကြီးမြင့်ခြင်းကို ဖြစ်ပေါ်စေသည်။ အထူးသဖြင့် နိုင်ငံ၏အဓိကထုတ်ကုန်ဖြစ်သော စိုက်ပျိုးရေးထုတ်ကုန်များ တိုးမြှင့်ထွက်ရှိလာရန် လိုအပ်လျက်ရှိပြီး နိုင်ငံတော်က ပံ့ပိုးကူညီအားပေးလျက်ရှိသည့် စိုက်ပျိုးသီးနှံများအားလုံး ပန်းတိုင်ရည်မှန်းချက် ထွက်ရှိစေရေး မျှော်မှန်းကြိုးပမ်းမှုများ အပြည့်အဝမရရှိခြင်းကလည်း အကြောင်းတရားတစ်ရပ်ပင်ဖြစ်သည်။ စိုက်ပျိုးသီးနှံများ ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိနိုင်မှသာ ကုန်ထုတ်လုပ်မှု မြင့်မားခြင်းနှင့်အတူ ထုတ်လုပ်သူတို့ ဝင်ငွေတိုးတက်လာမည်ဖြစ်သည်။ ဝင်ငွေတိုးတက်လာခြင်းက စားသုံးမှုကို ပိုမိုဖြစ်ပေါ်စေပြီး ဝယ်လိုအား မြင့်တက်လာမည်။ ဝယ်လိုအားနှင့် ရောင်းလိုအားတို့ မြင့်မားလာခြင်းက ငွေကြေးလည်ပတ်မှုကောင်းမွန်လာစေပြီး စီးပွားရေးဖွံ့ဖြိုးမှုကို ဖြစ်ပေါ်လာစေမည်ဖြစ်သည်။

ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ်(၁/၂၀၂၄)တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က “စိုက်ပျိုးရေးထုတ်ကုန်များ ပန်းတိုင်အထွက်နှုန်း မရရှိခြင်း၊ အထွက်နှုန်းနည်းခြင်းတို့နှင့် ပတ်သက်၍ အဖြေရှာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးတွင် အဓိကလိုအပ်ချက်ဖြစ်သော မျိုး၊ မြေ၊ ရေ၊ နည်းဖြစ်သည့် မျိုးကောင်းမွန်မှုရှိစေရေး မျိုးကောင်းမျိုးသန့်ရရှိအောင် ဖန်တီးပေးနိုင်ရမည်၊ မြေအရည်အသွေးကောင်းမွန်အောင် စနစ်တကျပြုပြင်ခြင်းနှင့် သင့်လျော်သည့်မြေဩဇာများကို ရရှိအောင် ဖန်တီးပေးနိုင်ရမည်၊ စိုက်ပျိုးရေနှင့် အောင်ရေကို ဖူလုံစွာရရှိနိုင်ရေး ဖန်တီးပေးနိုင်ရမည်၊ စိုက်နည်းစနစ်များ မှန်ကန်မှုရှိစေရေး၊ ခေတ်မီနည်းစနစ်များ အသုံးပြုနိုင်ရေး ဖော်ဆောင်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ အထက်ပါအချက်လေးချက်ဖြင့် ပြည့်စုံပါက စိုက်ပျိုးရေးလုပ်ငန်းများအနေဖြင့် ပန်းတိုင်အထွက်နှုန်းရရှိနိုင်မည်ဖြစ်ပြီး ယခုထက် ပိုမိုအောင်မြင်နိုင်မည်ဖြစ်ကြောင်း” ပြောကြားခဲ့သည်။

စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတွင် တောင်သူတို့၏ ကာယ၊ ဉာဏ၊ ဝီရိယ စိုက်ထုတ်မှုစွမ်းအားတို့က လွန်စွာအရေးပါသည်။ “တကယ်လုပ်လျှင် အဟုတ်ဖြစ်သည်” ဆိုသည့် ဆိုရိုးအတိုင်းပင် မျိုး၊ မြေ၊ ရေ၊ နည်းဟူသည့် အဓိကလိုအပ်ချက် (၄) ချက်တို့ညီပါက စိုက်ပျိုးသီးနှံများအားလုံး ပန်းတိုင်ရည်မှန်းချက်ထွက်ရှိသည့် သာဓကများလည်းရှိသည်။ ဥပမာအားဖြင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း စိုက်ပျိုးလျက်ရှိသည့် စူပါနံ့ကောက်စပါးမျိုးသည် ထွက်နှုန်းကောင်းပြီး ပြည်တွင်းနှင့် တရုတ်ဈေးကွက်ရှိသော စပါးမျိုးဖြစ်သည်။ သက်တမ်းရက် ၁၀၅/၁၁၀ သာရှိပြီး သွင်းအားစုအသင့်အတင့်မျှသာ လိုအပ်၍ ရေ၊ မိုး အဆင်ပြေပါက တစ်ဧကလျှင် စပါးတင်း ၁၂၀ မှ ၁၅၀ အထိ ထွက်ရှိနိုင်သည်။ ၂၀၂၃ ခုနှစ် မိုးစပါးရာသီတွင် စူပါနံ့ကောက်စပါးကို ပျိုးထောင်စိုက်ပျိုးခဲ့ပြီး တစ်ဧကလျှင် တင်း ၁၃၀ ထွက်ရှိခဲ့ကြောင်း (၂၄) ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲ သတင်း၌တွေ့ရှိရာ တကယ်လုပ်လျှင် အဟုတ်ဖြစ်သည့်သက်သေပင် ဖြစ်သည်။

စိုက်ပျိုးစွမ်းအားမြှင့်တင်ခြင်းဖြင့် ကုန်ထုတ်လုပ်မှုမြင့်မားစေပြီး ပြည်တွင်းစားသုံးမှု ပိုလျှံစေခြင်း၊ ပြည်ပသို့ ပိုမိုတင်ပို့နိုင်ခြင်းတို့နှင့်အတူ ပြည်ပဝင်ငွေ ပိုမိုရရှိနိုင်မည်ဖြစ်ကာ နိုင်ငံ့စီးပွားလည်း ပိုမိုဖွံ့ဖြိုးနိုင်ပါမည့်အကြောင်း။ ။

# သံအမတ်ကြီး ဦးအောင်ကို လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတထံ ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဖေဖော်ဝါရီ ၅

လာအို ပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးအောင်ကိုသည် ၎င်း၏ခန့်အပ်လွှာကို ယနေ့တွင် လာအို ပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ရှိ အမျိုးသားလွှတ်တော်၌ လာအို ပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတ သောင်းလွန်း စီဆိုလစ်ထံသို့ ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

နေပြည်တော် ဖေဖော်ဝါရီ ၅

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်မှ **“အနာဂတ်နိုင်ငံတော်အတွက် ကလေးငယ်များအား ပညာသင်ကြားပေးနေသည့် ကျောင်းဆရာ/ဆရာမများအား အကြောင်းမဲ့ဖမ်းဆီးသတ်ဖြတ်နှိပ်စက်နေသည့် အကြမ်းဖက်သမားများ”** ခေါင်းစဉ်ဖြင့် ဖေဖော်ဝါရီ ၇ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“ပြည်ထောင်စုနေ့နှင့် အမျိုးသားရေးတာဝန်”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၆-၂-၂၀၂၄ ကျပ်/လီတာ

| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၃၈ | ၂၇၂၅ |
| 95 Ron | ၂၇၆၀ | ၂၈၄၉ |
| HSD (500 ppm) | ၂၄၃၃ | ၂၅၁၁ |
| HSD (50 ppm) | ၂၄၇၆ | ၂၅၅၆ |
| HSD (10 ppm) | ၂၄၉၁ | ၂၅၇၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိတ်ပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၇၅)နှစ်မြောက် စိန်ရတုဆက်သွယ်ရေးတပ်ဖွဲ့နေ့ အထိမ်းအမှတ် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

❖ *ရွှေဖုံးမှ*

အဆိုပါ (၇၅) နှစ်မြောက် စိန်ရတုဆက်သွယ်ရေးတပ်ဖွဲ့နေ့အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အငြိမ်းစား ဆက်သွယ်ရေးတပ်ဖွဲ့ဝင် အရာရှိကြီးများ၊ တာဝန်ရှိသူများနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး**

ဦးစွာ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ တိုင်းမှူး ဗိုလ်ချုပ် စောသန်းလှိုင်နှင့် ဆက်သွယ်ရေးညွှန်ကြားရေးမှူး ဗိုလ်ချုပ် ထွန်းထွန်းဦးတို့က (၇၅)နှစ်မြောက်စိန်ရတု ဆက်သွယ်ရေးတပ်ဖွဲ့နေ့ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) က (၇၅)နှစ်မြောက် စိန်ရတုဆက်သွယ်ရေးတပ်ဖွဲ့နေ့ အထိမ်းအမှတ်ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) က (၇၅) နှစ်မြောက် စိန်ရတုဆက်သွယ်ရေးတပ်ဖွဲ့နေ့ အထိမ်းအမှတ် ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယနေ့သည် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းကာလတွင် မြန်မာ့တပ်မတော် စတင်ဖွဲ့စည်းခဲ့စဉ်က တပ်မတော်၏အစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်ခဲ့သည့် ဆက်သွယ်ရေးတပ်ဖွဲ့၏ (၇၅) နှစ်မြောက် စိန်ရတုနေ့ ရက်မြတ်အခါသမယပင်ဖြစ်ကြောင်း၊ တပ်မတော်စတင်တည်ထောင်ချိန်မှ ယနေ့ကာလအထိ ဆက်သွယ်ရေးတပ်ဖွဲ့အနေဖြင့် "မြန်ရမည်၊ မှန်ကန်သေချာရမည်၊ လုံခြုံမှုရှိရမည်၊ အီလက်ထရောနစ် စစ်ဆင်ရေးကို အောင်မြင်စွာ ဆင်နွှဲနိုင်ရမည်" ဆိုသည့် ဆောင်ပုဒ်အတိုင်း အကောင်းဆုံးကျေပွန်အောင် စွမ်းဆောင်နိုင်ခဲ့ကြသည်ကို တွေ့ရှိရကြောင်း။

> ❖ **ဆက်သွယ်ရေးတပ်ဖွဲ့သည် နိုင်ငံတော်အတွက် အရေးပေါ်အခြေအနေ ကြုံတွေ့လာသည့်အချိန်တိုင်း အဓိကပင်မတာဝန်ဖြစ်သည့် ဆက်သွယ်မှုမပြတ်တောက်စေရေး ဆောင်ရွက်ခြင်းသာမက ရုပ်သံလွှင့်ကဏ္ဍများတွင်လည်း ဝင်ရောက်ဆောင်ရွက်ပေးနိုင်သည်ကိုလည်း တွေ့ရှိရမည်ဖြစ်**
>
> ❖ **ဆက်သွယ်ရေးတပ်ဖွဲ့သည် လွတ်လပ်ရေးကြိုးပမ်းမှုကာလကပင် တပ်မတော်နှင့်အတူ ပေါက်ဖွားလာသည့်တပ်ဖွဲ့တစ်ခုဖြစ်ပြီး ခေတ်အဆက်ဆက်တွင်လည်း တိုင်းပြည်နှင့်လူမျိုးအကျိုး၊ တပ်မတော်၏အကျိုးကို စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်ခဲ့**

**ပြင်ဆင်ဖွဲ့စည်းခဲ့သည်ကို တွေ့ရှိရမည်**

ဆက်သွယ်ရေးတပ်ဖွဲ့၏ သမိုင်းကြောင်းကို လေ့လာကြည့်ပါက ဒုတိယကမ္ဘာစစ်မတိုင်မီ လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင် စတင်အခြေတည်ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ၁၉၃၇ ခုနှစ်ပါကစ္စတန်နိုင်ငံတွင် ဖွင့်လှစ်သည့် ဆက်သွယ်ရေးသင်တန်းတက်ရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာသည့် စစ်သည် ၃၀ ကို အမာခံထားကာ ၁၉၃၉ ခုနှစ်တွင် ယခု ပြင်ဦးလွင်ဟုခေါ်သည့် မေမြို့တွင် မြန်မာ့အချက်ပြဆက်သွယ်ရေးတပ် (Burma Signals)ကို စတင်ဖွင့်လှစ်ခဲ့ကြောင်း၊ လွတ်လပ်ရေးရရှိပြီးနောက် ၁၉၄၈ ခုနှစ်အတွင်းတွင် အချက်ပြဆက်သွယ်ရေးတပ်ကို အချက်ပြဆက်သွယ်ရေး အတတ်သင်တပ်ခွဲ (မေမြို့) နှင့် အချက်ပြဆက်သွယ်ရေးတပ်ခွဲ (မင်္ဂလာဒုံ) အဖြစ် ပြင်ဆင်ဖွဲ့စည်းခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

လွတ်လပ်ရေးရရှိပြီးနောက် ဖြစ်ပေါ်လာသည့် ပြည်တွင်းလက်နက်ကိုင် သောင်းကျန်းမှုများသည် ၁၉၄၉ ခုနှစ် ဝန်းကျင်တွင် အဆိုးရွားဆုံးအခြေအနေအထိ ရောက်ရှိခဲ့ပြီး ရန်ကုန်အစိုးရဟုပင် ခေါ်ဆိုခံရသည့်အခြေအနေအထိ ဖြစ်ပေါ်လာခဲ့ရကြောင်း၊ ဆက်သွယ်ရေးစက်ပစ္စည်း အမြောက်အမြားဆုံးရှုံးခဲ့ပြီး ၁၉၄၉ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် မြန်မာပြည်အနှံ့အပြား ဆက်သွယ်မှုများ ပြတ်တောက်သွားခဲ့ရကြောင်း။

**ဆက်သွယ်ရေးတပ်ဖွဲ့နေ့အဖြစ် သတ်မှတ်**

ထိုသို့သောအခြေအနေတွင် ကျန်ရှိသည့် အချက်ပြဆက်သွယ်ရေး အရာရှိ၊ စစ်သည်အနည်းငယ်သည် ပျက်စီးဆုံးရှုံးခဲ့သည့် ဆက်သွယ်ရေးစက်ပစ္စည်းများကို မနားမနေကြိုးစားပြုပြင်ပြီး အဆက်အသွယ်ပြန်လည်ရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြကြောင်း၊ ထို့ကြောင့် ၁၉၄၉ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်တွင် မြန်မာနိုင်ငံတစ်ဝန်းလုံး ရေဒီယိုဆက်သွယ်မှုများ ပြန်လည်ရရှိခဲ့ကြောင်း၊ တပ်မတော်တစ်ရပ်လုံး ဆက်သွယ်မှုပြန်လည်ရရှိခဲ့သည့် ၁၉၄၉ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်သည် ဆက်သွယ်ရေးတပ်ဖွဲ့၏ နေ့ထူးနေ့မြတ်ဖြစ်သည့်အတွက် "ဆက်သွယ်ရေးတပ်ဖွဲ့နေ့" အဖြစ် သတ်မှတ်ခဲ့ခြင်းပင်ဖြစ်ကြောင်း။

လွတ်လပ်ရေးရပြီးနောက် တိုးချဲ့ဖွဲ့စည်းလာသည့် ဆက်သွယ်ရေးတပ်များကို ကွပ်ကဲနိုင်ရန်အတွက် ၁၉၅၆ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် အချက်ပြဆက်သွယ်ရေးညွှန်ကြားရေးမှူးရုံးကို စတင်ဖွဲ့စည်းခဲ့ပြီး ၁၉၅၈ ခုနှစ် ဇူလိုင် ၁ ရက်မှစတင်ကာ ဆက်သွယ်ရေးညွှန်ကြားရေးမှူးရုံးအဖြစ် အမည်ပြောင်းလဲသတ်မှတ်ခဲ့ကြောင်း။

ဆက်သွယ်ရေးတပ်ဖွဲ့သည် နိုင်ငံတော်အတွက် အရေးပေါ်အခြေအနေ ကြုံတွေ့လာသည့်အချိန်တိုင်း အဓိကပင်မတာဝန်ဖြစ်သည့် ဆက်သွယ်မှုမပြတ်တောက်စေရေး ဆောင်ရွက်ခြင်းသာမက ရုပ်သံလွှင့်ကဏ္ဍများတွင်လည်း ဝင်ရောက်ဆောင်ရွက်ပေးနိုင်သည်ကိုလည်း တွေ့ရှိရမည်ဖြစ်ကြောင်း။

နိုင်ငံတော်၏ သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သည့် ၂၀၀၈ ခုနှစ် နာဂစ်ဆိုင်ကလုန်းမုန်တိုင်း၊ ၂၀၁၀ ပြည့်နှစ် ဂီရိဆိုင်ကလုန်းမုန်တိုင်းနှင့် ၂၀၂၃ ခုနှစ် မိုခါဆိုင်ကလုန်းမုန်တိုင်း ဖြစ်စဉ်များတွင် ကူညီကယ်ဆယ်ရေးအဖွဲ့အသီးသီး၏ ကြီးကြပ်ကွပ်ကဲမှုလုပ်ငန်းများ အဆင်ပြေစေရေး အခက်အခဲများကြားမှ ဆက်သွယ်မှုရရှိအောင် စွမ်းစွမ်းတမံဆောင်ရွက်ပေးနိုင်ခဲ့သည်ကိုလည်း တွေ့မြင်ရမည်ဖြစ်ကြောင်း။

**တစ်ဟုန်ထိုးတိုးတက်မြင့်မားလာခဲ့**

ဆက်သွယ်ရေးတပ်ဖွဲ့သည် တပ်မတော်အတွက် အရေးပါရုံသာမက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အရေးပါသည့်အခန်းကဏ္ဍတွင် ပါဝင်နေသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အတွက် ၂၀၀၁ ခုနှစ်တွင် မြန်မာနိုင်ငံ၏ ပထမဆုံး Fiber Optic Network ကိုတည်ဆောက်နိုင်ခဲ့ပြီး စစ်ဘက်၊ နယ်ဘက် နှစ်ရပ်လုံးတွင် အသုံးပြုနိုင်ခဲ့သည့်အတွက် Information Communication Technology ဟုခေါ်သည့် ICT ကဏ္ဍတွင် တစ်ဟုန်ထိုး တိုးတက်မြင့်မားလာခဲ့သည်ကို တွေ့ကြရမည်ဖြစ်ကြောင်း။ *စာမျက်နှာ ၄ သို့*



ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ တိုင်းမှူး ဗိုလ်ချုပ် စောသန်းလှိုင်နှင့် ဆက်သွယ်ရေးညွှန်ကြားရေးမှူး ဗိုလ်ချုပ် ထွန်းထွန်းဦးတို့ (၇၅)နှစ်မြောက် စိန်ရတုဆက်သွယ်ရေးတပ်ဖွဲ့နေ့အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၇၅)နှစ်မြောက် စိန်ရတုဆက်သွယ်ရေးတပ်ဖွဲ့နေ့ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

*စာမျက်နှာ ၃ မှ*

ထို့အပြင် ဆက်သွယ်ရေးတပ်ဖွဲ့အနေနှင့် မျက်မှောက်ခေတ်စစ်ပွဲများတွင် မရှိမဖြစ် အရေးပါသည့် Electronic Warfare (EW) အောင်မြင်စွာ ဆင်နွှဲနိုင်ရေးအတွက်ကိုလည်း ကြိုးစားလေ့ကျင့် တည်ဆောက်နေသည်ကိုလည်း တွေ့ရှိရမည်ဖြစ်ကြောင်း။

ဆက်သွယ်ရေးတပ်ဖွဲ့ဝင် အရာရှိ၊ စစ်သည်များသည် (၇၅)နှစ်တာကာလအတွင်း အထက်က ပေးအပ်လာသည့် ရည်မှန်းချက်တာဝန်များကို ကျေပွန်အောင်မြင်အောင် ထမ်းဆောင်နိုင်ခဲ့ကြသည့်အတွက် စည်သူဘွဲ့ ၁ ဦး၊ ပြည်ထောင်စုဇာနည်ဘွဲ့ ၁ ဦး၊ သီရိပျံ့ချီဘွဲ့ ၁ ဦး၊ ဇေယျကျော်ထင်ဘွဲ့ ၇ ဦး၊ သူရဲကောင်းမှတ်တမ်းဝင် ၂၇ ဦး အပါအဝင် ဂုဏ်ထူးဆောင်တံဆိပ်၊ စီမံထူးချွန်တံဆိပ်၊ လူမှုထူးချွန်တံဆိပ်၊ စက်မှုစီးပွားထူးချွန်တံဆိပ်နှင့် နည်းပညာဆိုင်ရာ ဂုဏ်ပြုဆုရရှိသူ စုစုပေါင်း ၁၆၈ ဦး ရရှိခဲ့သည့် မှတ်တမ်းကောင်းများကိုလည်း ဂုဏ်ယူဖွယ်ရာ ပိုင်ဆိုင်ခဲ့ကြသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

ဆက်သွယ်ရေးတပ်ဖွဲ့သည် လွတ်လပ်ရေးကြိုးပမ်းမှုကာလကပင် တပ်မတော်နှင့်အတူ ပေါက်ဖွားလာသည့် တပ်ဖွဲ့တစ်ခုဖြစ်ပြီး ခေတ်အဆက်ဆက်တွင်လည်း တိုင်းပြည်နှင့်လူမျိုးအကျိုး၊ တပ်မတော်၏အကျိုးကို စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ စိန်ရတုကာလ ပြည့်မြောက်ခဲ့သည့် ဆက်သွယ်ရေးတပ်ဖွဲ့အနေဖြင့် ရှေ့ဆက်၍ တပ်မတော်၏ အားထားရသည့် လက်ရုံးတပ်ဖွဲ့ဖြစ်အောင် အစဉ်အလာကောင်းများကိုထိန်းသိမ်းကာ တပ်မတော်အတွက် အသက်သွေးကြောပမာအရေးကြီးသည့် ဆက်သွယ်မှုနည်းပညာများကို အရှိန်အဟုန်နှင့် ယခုထက်မက ပိုမိုဆောင်ရွက်နိုင်ကြပါစေကြောင်းနှင့် ဆက်သွယ်ရေးတပ်ဖွဲ့၏ (၇၅) နှစ်မြောက် စိန်ရတုတပ်ဖွဲ့နေ့မှသည် နောင်လာမည့် ရတုများစွာတိုင်အောင် ဆက်သွယ်ရေးတပ်ဖွဲ့ တည်တံ့ပါစေကြောင်း ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ထံ ဆက်သွယ်ရေးညွှန်ကြားရေးမှူးက (၇၅)နှစ်မြောက် စိန်ရတုဆက်သွယ်ရေးတပ်ဖွဲ့နေ့အထိမ်းအမှတ်လက်ဆောင်ကို နေရာအရောက် ဂါရဝပြုပေးအပ်စဉ်။

## ဂုဏ်ပြုသီချင်းဖြင့် ဖျော်ဖြေတင်ဆက်

ဆက်လက်၍ ဆက်သွယ်ရေးညွှန်ကြားရေးမှူး ဗိုလ်ချုပ် ထွန်းထွန်းဦးက ဆက်သွယ်ရေးတပ်ဖွဲ့သမိုင်းအကျဉ်းချုပ်ကို ရှင်းလင်းတင်ပြပြီး (၇၅)နှစ်မြောက် စိန်ရတုဆက်သွယ်ရေးတပ်ဖွဲ့နေ့ အထိမ်းအမှတ် မှတ်တမ်း Documentary Video ကို ပြသသည်။ ထို့နောက် (၇၅)နှစ်မြောက် စိန်ရတုဆက်သွယ်ရေးတပ်ဖွဲ့နေ့ ဂုဏ်ပြုသီချင်းဖြင့် ဆက်သွယ်ရေးတပ်ဖွဲ့ဝင်များက ဖျော်ဖြေတင်ဆက်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ထံ ဆက်သွယ်ရေးညွှန်ကြားရေးမှူးက (၇၅)နှစ်မြောက် စိန်ရတုဆက်သွယ်ရေးတပ်ဖွဲ့နေ့ အထိမ်းအမှတ်လက်ဆောင်ကို နေရာအရောက် ဂါရဝပြုပေးအပ်သည်။

## လှည့်လည်ကြည့်ရှု

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) က တက်ရောက်လာကြသည့် အငြိမ်းစားဆက်သွယ်ရေးတပ်ဖွဲ့ဝင် အရာရှိကြီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး တက်ရောက်လာကြသူများနှင့်အတူ (၇၅)နှစ်မြောက် စိန်ရတုဆက်သွယ်ရေးတပ်ဖွဲ့နေ့ အထိမ်းအမှတ်ပြခန်းများအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း နှင့်အဖွဲ့ဝင်များ (၇၅)နှစ်မြောက် စိန်ရတုဆက်သွယ်ရေးတပ်ဖွဲ့နေ့ အထိမ်းအမှတ်ပြခန်းများအတွင်း လှည့်လည်ကြည့်ရှုစဉ်။

# (၇၇) နှစ်မြောက် ရှမ်းပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာ အဆောက်အအုံဖွင့်ပွဲ အခမ်းအနားကျင်းပ

တောင်ကြီး ဖေဖော်ဝါရီ ၅

**၂၀၂၄ ခုနှစ် ဖော်ဖော်ဝါရီ ၇ ရက်တွင် ကျရောက်မည့် (၇၇)နှစ်မြောက် ရှမ်းပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာ အဆောက်အအုံဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် တောင်ကြီးမြို့နယ် အေးသာယာမြို့ ခပေါင်းရေကြည်ရပ်ကွက်ရှိအဆိုပါအဆောက်အအုံ၌ ကျင်းပသည်။**



အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဒေါက်တာဘရှေနှင့် ခွန်စံလွင်၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးမင်းသိန်းဇံ၊ ဒေါက်တာ စိုးဝင်း၊ Jeng Phang နော်တောင်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ သံမှူးကြီး ဒေါက်တာ ကျန်းကျိဟုန်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာဇော်မြင့်၊ ဒေါက်တာအေးထွန်း၊ ဦးဇော်အေးမောင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ မဲခေါင် – လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ပူးပေါင်းညှိနှိုင်းရေးအဖွဲ့ (မြန်မာ) မှ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသူများနှင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ တက်ရောက်ကြသည်။

ဦးစွာ ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာ အဆောက်အအုံကို နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒေါက်တာဘရှေ၊ ခွန်စံလွင်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းသိန်းဇံ၊ ဒေါက်တာ စိုးဝင်း၊ Jeng Phang နော်တောင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ သံမှူးကြီး ဒေါက်တာ ကျန်းကျိဟုန်၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ ဒေါက်တာအေးထွန်း၊ ဦးဇော်အေးမောင်နှင့် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိန်ဝင်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲချုပ်တင်ကိုကိုနှင့် တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး**(ယာပုံ)** နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါက်တာဘရှေ၊ ခွန်စံလွင်နှင့် သံမှူးကြီး ဒေါက်တာ ကျန်းကျိဟုန်တို့က ကမ္ပည်းမော်ကွန်းကျောက်စာကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကြ၍ အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် အခမ်းအနား ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရှေက ယနေ့ အခမ်းအနားကျင်းပလျက်ရှိသည့် ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာကို မဲခေါင် – လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေနှင့် နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ သင်တန်းစင်တာတွင် တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာနှင့် ယဉ်ကျေးမှုများဆွေးနွေးဖလှယ်ခြင်း၊ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိစေရန် ဆောင်ရွက်ခြင်း၊ တိုင်းရင်းသားများ၏အသိပညာများ မြှင့်တင်ပေးခြင်း၊ မျှဝေခြင်းစသည့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ဆောင်ရွက်နိုင်ရန်နှင့် ရှမ်းပြည်နယ် အတွင်းရှိ တိုင်းရင်းသားများအားလုံး လူမှုဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထောက်အကူပြုဖြစ်စေမည့် အသက်မွေးဝမ်းကျောင်းပညာ သင်တန်းများ၊ တိုင်းရင်းသားရိုးရာလက်မှုပညာ သင်တန်းများ စသည်တို့ကို ဆောင်ရွက်နိုင်ရန် ရည်ရွယ်ချက်များဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ တိုင်းရင်းသားများ၏ ဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးပင် ဖြစ်သည့်အတွက် သက်ဆိုင်ရာ တာဝန်ရှိသူများအားလုံးနှင့် တိုင်းရင်းသားပြည်သူများ အားလုံးက ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က မိမိတို့ဝန်ကြီးဌာနသည် တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်လျက်ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တိုင်းရင်းသားဒေသများတွင် လိုအပ်လျက်ရှိသည့် အသက်မွေးဝမ်းကျောင်းပညာ သင်တန်းများကို ဖွင့်လှစ်ပို့ချပေးလျက်ရှိကြောင်း၊ ယခု ရှမ်းပြည်နယ်တွင် စင်တာအဆောက်အအုံကို တရားဝင်ဖွင့်လှစ်နိုင်ပြီဖြစ်သည့်အတွက် တိုင်းရင်းသားလူငယ်များအတွက် ကွန်ပျူတာသင်တန်း၊ မော်တော်ဆိုင်ကယ်စက်ပြင်သင်တန်းနှင့် ဒေသနှင့်ကိုက်ညီသင့်မြတ်လျော်ကန်မည့် သက်မွေးပညာ ကာလတိုသင်တန်းများကို နှစ်စဉ်ဖွင့်လှစ်ပို့ချပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် သံမှူးကြီး ဒေါက်တာ ကျန်းကျိဟုန်တို့ကအမှာစကားပြောကြားကြပြီး ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် စင်တာအဆောက်အအုံကို တာဝန်ယူ တည်ဆောက်ပြီးစီးခဲ့သည့် မိုးယံဝင့်ချီကုမ္ပဏီလီမိတက်မှ အကြံပေးအင်ဂျင်နီယာ ဦးဘငြိမ်းက တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းအေးကိုထံ စင်တာအဆောက်အအုံဆိုင်ရာ အချက်အလက်များကို လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များသည် သင်တန်းစင်တာ ပင်မလေးထပ်ဆောင် အဆောက်အအုံအတွင်းရှိ သင်တန်းသူ သင်တန်းသား အိပ်ဆောင်များ၊ စာသင်ခန်းများ၊ အလုပ်ရုံများနှင့် ထမင်းစားဆောင်များကို လှည့်လည်ကြည့်ရှုကြပြီး မော်တော်ဆိုင်ကယ်စက်ပြင်သင်တန်းမှ နည်းပြများနှင့် သင်တန်းသားများကို ရင်းရင်းနှီးနှီးတွေ့ဆုံ၍ လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



## ရန်ကုန်-မြို့ပတ်ရထားလမ်းပိုင်းအတွင်း ပြေးဆွဲအသုံးပြုမည့် ခေတ်မီ DEMU တွဲဆိုင်းသစ်များ ပထမသုတ်အဖြစ် သီလဝါဆိပ်ကမ်းသို့ ရောက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၅

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်းတွင် ပြေးဆွဲအသုံးပြုရန်အတွက် စပိန်နိုင်ငံမှ ဝယ်ယူထားသော ခေတ်မီ DEMU ဒီဇယ်လျှပ်စစ်ရထားတွဲဆိုင်းသစ်များအနက် ပထမသုတ်အဖြစ် ခြောက်တွဲပါတွဲဆိုင်းသည် ဖေဖော်ဝါရီ ၄ ရက်က BBC ONYX သင်္ဘောဖြင့် ရန်ကုန်သီလဝါဆိပ်ကမ်းသို့ စတင်ရောက်ရှိခဲ့သည်။

အဆိုပါ DEMU ဒီဇယ်လျှပ်စစ်ရထားတွဲဆိုင်းသစ်များကို ဆိပ်ကမ်းမှ ချယူဆောင်ရွက်လျက်ရှိပြီး စမ်းသပ်ပြေးဆွဲမှုများ ဆောင်ရွက်သွားမည်ဖြစ်သည်။

ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်း အဆင့်မြှင့်တင်မှုများကို ဆောင်ရွက်ပြီးစီးပြီဖြစ်သော်လည်း ဘူတာပလက်ဖောင်းများ မြှင့်တင်ခြင်းလုပ်ငန်းများ၊ ဘူတာရုံအဆောက်အအုံများ ပြုပြင်ခြင်းလုပ်ငန်းများကို ပြုပြင်ဆောင်ရွက်လျက်ရှိပါသဖြင့် မကြာမီကာလတွင် အဆိုပါ DEMU တွဲဆိုင်းသစ်များဖြင့် ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းအတွင်း ခရီးသည်များ စိတ်အေးချမ်းသာစွာ စီးနင်းနိုင်ရေး စတင်ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

သတင်းစဉ်

## မြန်မာ့လယ်ယာသုံးစက်ကိရိယာစက်ရုံ (အင်းကုန်း) မှ အင်ဂျင်ပါဝါသုံး ခြောက်တန်းသွားလက်ဆွဲကောက်စိုက်စက် ထုတ်လုပ်မည့် နည်းပညာများလွှဲပြောင်းပေးအပ်

ကျောက်ဆည် ဖေဖော်ဝါရီ ၅

ကျောက်ဆည်မြို့နယ် မြန်မာ့လယ်ယာသုံး စက်ကိရိယာစက်ရုံ (အင်းကုန်း) မှ အင်ဂျင်ပါဝါသုံး ခြောက်တန်းသွား လက်ဆွဲကောက်စိုက်စက် ထုတ်လုပ်မည့်နည်းပညာများ လွှဲပြောင်းပေးအပ်ပွဲကို ယမန်နေ့က အဆိုပါစက်ရုံ၌ ပြုလုပ်သည်။

အဆိုပါအခမ်းအနားတွင် စက်မှုလယ်ယာဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ခင်နှင့် တာဝန်ရှိသူများက မြန်မာ့လယ်ယာသုံးစက်ကိရိယာ စက်ရုံ (အင်းကုန်း) မှ သုတေသနပြုလုပ်ထုတ်လုပ်မည့် အင်ဂျင်ပါဝါသုံး ခြောက်တန်းသွားလက်ဆွဲကောက်စိုက်စက်၏ စက်ပိုင်းဆိုင်ရာများနှင့် အလုပ်လုပ်ပုံအဆင့်ဆင့်များကို ရှင်းလင်းကာ မန္တလေးတိုင်းဒေသကြီး လယ်ယာသုံးစက်ကိရိယာများ ထုတ်လုပ်ဖြန့်ဖြူးသည့် လုပ်ငန်းရှင်အစုအဖွဲ့ဝင်များအား နည်းပညာများ လွှဲပြောင်းပေးအပ်ပြီး တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးတိုးမင်း၊ တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနမှ ဦးစီးမှူး ဦးဆန်းအောင်၊ တိုင်းဒေသကြီးစက်မှုဇုန်မှ လယ်ယာသုံးစက်ကိရိယာများ ထုတ်လုပ်ဖြန့်ဖြူးသည့် လုပ်ငန်းရှင်အစုအဖွဲ့ဝင်များ တက်ရောက်သည်။

အဆိုပါ မြန်မာ့လယ်ယာသုံး စက်ကိရိယာစက်ရုံ (အင်းကုန်း) ကျောက်ဆည်မှ သုတေသနပြုထုတ်လုပ်ထားသော အင်ဂျင်ပါဝါသုံး ခြောက်တန်းသွား လက်ဆွဲကောက်စိုက်စက်သည် တန်းကြားအကွာအဝေး ၂၃၀ မီလီမီတာ၊ ပင်ကြားအကွာအဝေး (၁၀၀ မီလီမီတာမှ ၁၈၀ မီလီမီတာ)၊ စိုက်တန်းအရေအတွက်ခြောက်တန်း အသုံးပြုအင်ဂျင် ၁ ဒသမ ၅ ကီလိုဝပ်၊ အလေးချိန် ၆၅ ကီလိုဂရမ်၊ တစ်ဧကကြာချိန် ၁ နာရီ ၄၅ မိနစ်မှ ၂ နာရီအထိ၊ ထုတ်လုပ်မှုကုန်ကျစရိတ် ငွေကျပ် ၂၅ သိန်း ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ ဆက်)

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး၏ မြန်မာနိုင်ငံဆိုင်ရာ အကြီးအကဲ Mr. Sajjad Mohammad Sajid ကို လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၅**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA) ၏ မြန်မာနိုင်ငံဆိုင်ရာ အကြီးအကဲ Mr. Sajjad Mohammad Sajid ကို ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် သွားရောက်ရန်ခက်ခဲသည့် နေရာဒေသများရှိ အကူအညီလိုအပ်သည့် ပြည်သူများထံသို့ လူသားချင်းစာနာမှုအကူအညီများပေးအပ်နိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးရေးနှင့် မြန်မာအစိုးရနှင့် ကုလသမဂ္ဂအေဂျင်စီများအကြား လူသားချင်းစာနာမှု အကူအညီပေးရေးနယ်ပယ်၌ ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများနှင့် UNOCHA ရုံး၏ ဒုတိယအကြီးအကဲများဖြစ်သည့် Ms. Danielle Parry နှင့် Ms. Kyoko Ono တို့ တက်ရောက်ကြသည်။

သတင်းစဉ်



# ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ရုံးချုပ်တို့မှ ဒုတိယညွှန်ကြားရေးမှူးအဆင့် မြို့ပြအင်ဂျင်နီယာ အရာထမ်းများနှင့်တွေ့ဆုံပြီး လိုအပ်သည်များမှာကြား

**နေပြည်တော် ဖေဖော်ဝါရီ ၅**

ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ရုံးချုပ်တို့မှ ဒုတိယညွှန်ကြားရေးမှူးအဆင့် မြို့ပြအင်ဂျင်နီယာအရာထမ်းများနှင့် တွေ့ဆုံပွဲအခမ်းအနားကို ယနေ့တွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာနဝန်ကြီးရုံး စုဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ဒုတိယဝန်ကြီး ဦးဝင်းဖေ၊ အမြဲတမ်းအတွင်းဝန် ဦးဝဏ္ဏဇော်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အင်ဂျင်နီယာချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ရုံးချုပ်တို့မှ ဒုတိယညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများအား ရာထူးနှင့်ပတ်သက်၍ တိုးမြှင့်ခြင်း၊ ပြောင်းရွှေ့ခြင်းများ ဆောင်ရွက်ရာတွင် သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများ၊ ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ မျှတမှုရှိအောင် ဆောင်ရွက်ပေးခဲ့ကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိလုပ်ငန်းခွင်အတွင်း တာဝန်ထမ်းဆောင်ရာတွင် ကျေပွန်အောင် ထမ်းဆောင်ရန်လိုကြောင်း၊ ထို့ပြင် သက်ဆိုင်ရာအဆင့်ဆင့် တာဝန်ရှိသူများအနေဖြင့်လည်း ဝန်ထမ်းများအပေါ် သာတူညီမျှ ကွပ်ကဲအုပ်ချုပ်ကြရန်၊ အမြဲမပြတ် ထိတွေ့ဆက်ဆံကာ ၎င်းတို့၏ လုပ်ငန်းပိုင်းဆိုင်ရာ လိုအပ်ချက်များ၊ ကိုယ်ရေးကိုယ်တာ အခက်အခဲများကို တတ်နိုင်သမျှ ဖြေရှင်းဆောင်ရွက်ပေးရန်နှင့် ဝန်ထမ်းများ၏အရည်အသွေးများကို မြှင့်တင်ပေးနိုင်ရေးဆောင်ရွက်ရန်တို့ကို ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ တက်ရောက်လာသည့် မြို့ပြအင်ဂျင်နီယာအရာထမ်းများက သက်ဆိုင်ရာ ကဏ္ဍအလိုက်ဆွေးနွေးတင်ပြကြပြီး အမြဲတမ်းအတွင်းဝန်က နိုင်ငံ့ဝန်ထမ်း စည်းမျဉ်း၊ စည်းကမ်းများ၊ အမိန့်ညွှန်ကြားချက်များ၊ လုပ်ငန်းပိုင်းဆိုင်ရာများနှင့် ပတ်သက်၍လည်းကောင်း၊ ဒုတိယဝန်ကြီးက ဝန်ထမ်းများ လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများ၊ မူဝါဒများ၊ လုပ်ငန်းပိုင်းဆိုင်ရာများနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်စကားပြောကြားပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဒုတိယညွှန်ကြားရေးမှူး မြို့ပြအင်ဂျင်နီယာ အရာထမ်းများ ပါဝင်သောအဖွဲ့သည် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ သွားရောက်၍ ကျောက်စာစေတီတော်များနှင့် ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခဲ့မှု အင်ဂျင်နီယာပိုင်းဆိုင်ရာလုပ်ငန်းစဉ်အဆင့်ဆင့်တို့နှင့်ပတ်သက်၍ သိရှိလိုသည်များ မေးမြန်းဆွေးနွေးပြီး ရုပ်ပွားတော်မြတ်ကြီးတည်ထားသည့် ဗုဒ္ဓဥယျာဉ်တော်အတွင်း လှည့်လည်ဖူးမြော် ကြည်ညိုလေ့လာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးအဆင့် ကလေးသေဆုံးမှုစောင့်ကြပ်လေ့လာခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းသင်တန်းဖွင့်

**ပဲခူး ဖေဖော်ဝါရီ ၅**

တိုင်းဒေသကြီးအဆင့် ကလေးသေဆုံးမှုစောင့်ကြပ်လေ့လာခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း သင်တန်းဖွင့်ပွဲကို ပဲခူးတိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံး၌ ဖေဖော်ဝါရီ ၃ ရက် နံနက်က ကျင်းပသည်။ **(ယာပုံ)**



ရှေးဦးစွာ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီဟက မြန်မာနိုင်ငံတွင်လည်း (၅)နှစ်အောက်ကလေး သေဆုံးမှုတွင် အဆုတ်ရောင်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်း၊ ဦးနှောက်တွင်ပိုးဝင်ခြင်း၊ ငှက်ဖျားရောဂါ၊ ဘယ်ရီခေါ် ဗီတာမင် B1 ဓာတ်ချို့တဲ့ ရောဂါတို့ကြောင့် အဓိက သေဆုံးနေကြောင်း၊ ယခုသင်တန်းမှ သင်ကြားပေးသည့် သင်ခန်းစာများကို မြို့နယ်အဆင့်တွင် ပြန်လည်သင်ကြားနိုင်ရန် အတွက် စိတ်ဝင်တစား သင်ယူကြရန် ပြောကြားသည်။

အဆိုပါ သင်တန်းကို ကလေးသေဆုံးမှု ဆန်းစစ်ခြင်းမှတစ်ဆင့် ကလေးသေဆုံးရခြင်း၏ အကြောင်းအရင်းများကို ဖော်ထုတ်သိရှိပြီး သင့်လျော်သော တုံ့ပြန်ဆောင်ရွက်မှုများ ဆောင်ရွက်နိုင်ရန်နှင့် ကလေးသေဆုံးမှု စောင့်ကြပ်လေ့လာခြင်းကို စဉ်ဆက်မပြတ် ပြုလုပ်နိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့ပြီး ကျန်းမာရေး ဝန်ထမ်း ၄၂ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။**သက်ထက်**

ဆင်ပေါင်ဝဲမြို့ ဘုရားငါးဆူစေတီတော်မြတ်ကြီးအတွင်း အဆောက်အအုံများ မီးဘေးလုံခြုံရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဆန်းဝင်းနှင့် တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၅ ရက်က ဘာသာရေးအဆောက်အအုံများတွင် မီးဘေးကာကွယ်ရေးစစ်ဆေးစဉ်။ မြို့နယ်(ပြန်/ဆက်)





မော်လမြိုင်ကျွန်းမြို့နယ် မီးသတ်ဦးစီးအရာရှိ ဦးမျိုးဇော်နှင့်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၅ ရက်က အမှတ်(၁)ရပ်ကွက်ရှိ နေအိမ်များအား မီးဘေးကြိုတင် ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုများကို စစ်ဆေးစဉ်။ ရဲကိုမောင်(ပြန်/ဆက်)

လက်ပံတန်းမြို့နယ်၌ သာယာဝတီခရိုင် မီးသတ်ဦးစီးမှူး ဦးမင်းသိမ်းထွန်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးလင်းကျော်နှင့်အဖွဲ့ဝင်များသည် ဇန်နဝါရီ ၃၁ ရက်က စက်သုံးဆီအရောင်းဆိုင်များကို မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး စစ်ဆေးစဉ်။ မြို့နယ် (ပြန်/ဆက်)



# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို ကော်မရှင်အဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့် တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၅

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကိုသည် ကော်မရှင်အဖွဲ့ဝင်များနှင့်ဝန်ထမ်းများအား ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။**



တွေ့ဆုံစဉ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပဥ္စမမြောက် ရှေ့လုပ်ငန်းစဉ်တွင် ပါဝင်သည့် "လွတ်လပ်ပြီးတရားမျှတသောပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ"ကို ကျင်းပပေးရမည်ဖြစ်ကြောင်း၊ လာမည့်ရွေးကောက်ပွဲသည် သာမန်အထွေထွေ ရွေးကောက်ပွဲနှင့်မတူဘဲ ၂၀၂၀ ပြည့်နှစ်တွင် အမည်ပျက် သိက္ခာကျခဲ့ရသော ရွေးကောက်ပွဲ ဂုဏ်သိက္ခာကို ပြန်လည် ဆယ်တင်သည့် ရွေးကောက်ပွဲ၊ မဲဆန္ဒရှင်များနှင့် နိုင်ငံရေးပါတီများ၏ ယုံကြည်မှုကို ပြန်လည်ရယူရမည့် ရွေးကောက်ပွဲဖြစ်ခြင်းကြောင့် သမိုင်းတင်ရမည့် ရွေးကောက်ပွဲဖြစ်ကြောင်း။

ရွေးကောက်ပွဲ ဆိုသည်မှာ ကော်မရှင်၊ ပါတီနှင့် မဲဆန္ဒရှင်တို့ အပြန်အလှန် ဆက်သွယ်ယှက်နွယ်နေသည့် အလုပ်ဖြစ်ပါကြောင်း၊ ကော်မရှင်က လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲဖြစ်မြောက်ရေး၊ ပါတီများကို ဥပဒေနှင့်အညီ ကူညီရေး၊ ထိန်းကျောင်းရေး၊ မဲဆန္ဒရှင်များကို မီဒီယာမှတစ်ဆင့် ပညာပေးလှုံ့ဆော်ရေးအလုပ်များကို လုပ်ရပါကြောင်း၊ ပါတီများက မဲဆန္ဒရှင်များကို ဟောပြောစည်းရုံးရေး၊ အရည်အချင်း ပြည့်ဝသည့် ကိုယ်စားလှယ်လောင်းများကို ရွေးချယ် လျာထားရေးတို့အား ဆောင်ရွက်ကြရပါကြောင်း၊ မဲဆန္ဒရှင်များကလည်း မိမိတို့၏ ဥပဒေပါ အခွင့်အရေးမဆုံးရှုံးရအောင် မပျက်မကွက် မဲပေးရေး၊ နိုင်ငံ့အကျိုး၊ ရပ်ရွာအကျိုး သယ်ပိုးမည့် ကိုယ်စားလှယ်လောင်းများကို ရွေးချယ်ဆန္ဒပြုရေးတို့ကို ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အဓိကမောင်းနှင်အားမှာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ရပ်ကွက်နှင့် ကျေးရွာအုပ်စု၊ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး/ပြည်နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများအပြင် အချိန်တန်သည့်အခါ အများယုံကြည် လေးစားသည့် ပုဂ္ဂိုလ်များကို စိစစ်ဖွဲ့စည်းရန်၊ လေ့ကျင့်ပညာပေးရန် လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း။

ရွေးကောက်ပွဲ၏ အသက်သည် မဲစာရင်းဖြစ်ပါကြောင်း၊ မဲစာရင်း မှန်ကန်ရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနထံမှ ပေးပို့လာသည့် ပုံစံ(၆၆/၆)ပါ စာရင်းများကို ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှရရှိသည့် မြေပြင်စာရင်းနှင့် တိုက်ဆိုင်စစ်ဆေးပြီး ကွန်ပျူတာထည့်သွင်းသည့်လုပ်ငန်းကို အမှားအယွင်းမရှိအောင် လုပ်ဆောင်ကြရန်လိုကြောင်း၊ ဥပဒေ၊ နည်းဥပဒေများသည်လည်း မဲစာရင်းကဲ့သို့ အရေးကြီးကြောင်း၊ အတည်မပြုရသေးသည့် ဥပဒေများကို အမြန်ဆုံးအတည်ပြုနိုင်ရေး ဆောင်ရွက်ပြီး နည်းဥပဒေများ ရေးဆွဲဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဥပဒေ၊ နည်းဥပဒေများ ထုတ်ပြန်ပြီးပါက ကော်မရှင်အဖွဲ့ခွဲများကို ဖြန့်ဝေခြင်း၊ ပါတီများအား ပေးပို့ခြင်း၊ မဲဆန္ဒရှင်ပြည်သူများကိုလေ့လာနိုင်အောင်ဆောင်ရွက်ရန်ရှိသည်များကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။**(အပေါ်ပုံ)**

တွေ့ဆုံပွဲသို့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များနှင့်ကော်မရှင်ရုံးမှ အရာထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များအား ထပ်ဆင့်ရှင်းလင်း

**နေပြည်တော် ဖေဖော်ဝါရီ ၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များအား ထပ်ဆင့်ပြန်လည်ရှင်းလင်းခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ် (၃၀) ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ အထွေထွေမန်နေဂျာများ၊ လက်ထောက်အတွင်းဝန်များ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ပြီး ဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ စက်ရုံ၊အလုပ်ရုံများမှ စက်ရုံမှူးများ၊ စိုက်ကွင်း၊ စိုက်ခြံတာဝန်ခံများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနတို့မှ ဦးစီးမှူးများ၊ စက်မှုသင်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များကို အသေးစိတ် ပြန်လည်ရှင်းလင်းပြောကြားပြီး စက်မှုဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်ရမည့် နှစ်ရှည်၊ နှစ်လတ်၊ နှစ်တို စီမံကိန်းများကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်တွင်းစားသုံးမှု ဖူလုံစေရေးနှင့်ပြည်ပပို့ကုန် မြှင့်တင်နိုင်ရန်အတွက် ပြည်တွင်း၌ ထုတ်လုပ်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး တွန်းအား ပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ MSME များ၏ ထုတ်လုပ်မှုတန်ဖိုးများကို ပြန်လည်သုံးသပ်ရန်နှင့် စာရင်းအချက်အလက်များ မှန်ကန်မှုရှိအောင် အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ပြောကြားခဲ့သည့် လမ်းညွှန်ချက်များအား အောက်ခြေအဆင့်အထိသိရှိအောင်ဆက်လက်ဆောင်ရွက်သွားရန်ပြောကြားသည်။(ဝဲပုံ)

ထို့နောက် ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များ အပေါ် ပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းတာဝန်များကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည့် ဦးစီးဌာန၊ စက်ရုံအလုပ်ရုံများအား ဂုဏ်ပြုလက်မှတ်များ ပေးအပ်ပြီး နိဂုံးချုပ်အမှာစကား ပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ကျောက်ဖြူမြို့၌ သန်းခေါင်စာရင်းကောက်ယူနိုင်ရေး ကွင်းဆင်းဆောင်ရွက်

**ကျောက်ဖြူ ဖေဖော်ဝါရီ ၅**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်း တစ်ရပ်ဖြစ်သော အဆောက်အအုံစာရင်းတင်ခြင်းလုပ်ငန်းကို ယနေ့ နံနက်ပိုင်းက ခရိုင်/မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဝန်ကြီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်း ဆောင်ရွက်လျက်ရှိသည်။



လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန မြို့နယ် ဦးစီးမှူးရုံးမှ ဝန်ထမ်းများနှင့် ပူးပေါင်းအဖွဲ့က အစိုးရရပ်ကွက်၊ တောင်ရင်းရပ်ကွက်၊ ပြင်ဖြူမော်ရပ်ကွက်နှင့် ကုလားပိုက်ဆိပ်ရပ်ကွက်များသို့ သွားရောက်၍ GIS နည်းပညာဖြင့် Mobile Tablet ကိုအသုံးပြုကာ အဆောက်အအုံ မှတ်တမ်းတင်ခြင်းလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်လျက်ရှိပြီး ခရိုင်နည်းပညာအဖွဲ့က ပံ့ပိုးကူညီလျက်ရှိသည်။ ကျောက်ဖြူမြို့နယ်၌ မြို့ပေါ်ရပ်ကွက် ၁၇ ရပ်ကွက်ရှိပြီး အရှေ့ပိုင်းရပ်ကွက်နှင့် အလယ်ပိုင်းရပ်ကွက်တို့မှ ကောက်ကွက်သုံးကွက်ကို ဆောင်ရွက်ပြီးစီးပြီဖြစ်ကာ ယင်းသို့ဆောင်ရွက်နေမှုအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကေသီဝမ်နှင့် မြို့နယ်ဦးစီးမှူး ဦးအောင်ကြည်ဦးတို့က ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **တင်ထွန်းဦး၊ ဖြိုးဝေလင်း(ပြန်/ဆက်)**

## ပေါင်မြို့နယ်၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပညာရေးမှူးများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ တွေ့ဆုံပွဲတွင် ဆွေးနွေးခဲ့မှုများအား ထပ်ဆင့်ဆွေးနွေး

**ပေါင် ဖေဖော်ဝါရီ ၅**

မွန်ပြည်နယ် ပေါင်မြို့နယ်၌ ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပညာရေးမှူးများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ တွေ့ဆုံပွဲတွင် ဆွေးနွေးခဲ့မှုများအား ထပ်ဆင့် ဆွေးနွေးခြင်းကို ဖေဖော်ဝါရီ ၅ ရက် မွန်းလွဲ ၂ နာရီက ဝါရီရူခန်းမ၌ ပြုလုပ်သည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထင်လင်းအောင်က ပြည်နယ်ဝန်ကြီးချုပ်နှင့်အစိုးရအဖွဲ့ဝင်များ၏ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ စာစစ်ဌာနများကိုလည်း ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျောင်းအုပ် ဆရာမကြီးတို့က လိုအပ်သည့် အခက်အခဲများကို ညှိနှိုင်းဆောင်ရွက်ပေးကြရန်နှင့် လိုအပ်သည့် အခက်အခဲများကို ပေါင်းစပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူးကျော်နိုင်ဦးနှင့်ပေါင်မြို့မစခန်း ဒုတိယမြို့နယ်မှူး ဒုတိယရဲမှူး အောင်လွင်တို့က မြို့နယ်အတွင်းရှိ အခက်အခဲရှိသည့် ကျောင်းများကို ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးသည်။ **မွန်မလေး (ပြန်/ဆက်)**





မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။



ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ထမ်းများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ နေပြည်တော်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြည်ညို

**နေပြည်တော် ဖေဖော်ဝါရီ ၅**

မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာ ထွန်းလင်း တောက်ပနေမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာ ကိုးကွယ်မှု၏ ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီး သာယာဝပြောမှုရှိစေရန်နှင့် ကမ္ဘာကြီးငြိမ်းချမ်းသာယာမှု ဖြစ်စေရန်ဟူသည့် ရည်ရွယ်ချက်များဖြင့် တည်ထားကိုးကွယ်ထားသည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့်မာရဝိဇယဗုဒ္ဓရုပ်ပွားတော် မြတ်ကြီးအား မန္တလေးတိုင်းဒေသကြီးနှင့်စစ်ကိုင်းတိုင်းဒေသကြီးတို့မှ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများသည် ယနေ့တွင် လာရောက် ဖူးမြော်ကြည်ညိုကြသည်။

ဦးစွာ ဘုရားဖူးလာအဖွဲ့တို့သည် သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများကို ခမ်းနားစွာ ကျင်းပနိုင်သည့် သံဃာတော်အပါး ၉၀၀ နှင့် လူပရိသတ် ၁၂၀၀ ဝင်ဆံ့သည့် အလျား ၂၉၆ ပေ၊ အနံ ၂၁၃ ပေ၊ အမြင့် ၉၄ ပေရှိ ဗိသုကာ လက်ရာများနှင့် ခမ်းနားထည်ဝါစွာ တည်ဆောက်ထားသည့် သာသနာ့ ဗိမာန် အဂ္ဂမဓိပတိဝိသုံဂါမသိမ်တော်ကြီးကို လေ့လာကြည့်ရှုကြသည်။

ဆက်လက်၍ ရှင်းလင်းဆောင်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယဘုရားကြီး တည်ထား ကိုးကွယ်ပူဇော်ရခြင်း ရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ် အဆင့်ဆင့်ဖြင့် အောင်မြင်စွာ တည်ထား ပူဇော်နိုင်ခဲ့မှု၊ လက်ရှိ ထိန်းသိမ်းဆောင်ရွက်နေမှု၊ ခေတ်မီစက်ကိရိယာများ အသုံးပြု၍ ကျောက်စာတော်များ တည်ထားဆောင်ရွက်ခဲ့မှုနှင့် သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့မှု အခြေအနေတို့ကို ရှင်းလင်းပြောကြားကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ထို့နောက် ဘုရားဖူးအဖွဲ့များက ရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု အခြေအနေများနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြပြီး ရုပ်ပွားတော်မြတ်ကြီးအား အဆင်ပြေချောမွေ့စွာ လာရောက်ဖူးမြော်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးမှုများနှင့် ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခဲ့မှုလုပ်ငန်းစဉ် အဆင့်ဆင့်ကို အသေးစိတ်ရှင်းလင်းပြောကြားပေးမှုများအပေါ် ကျေးဇူးတင်စကား ပြောကြားကြသည်။

ယင်းနောက် ဘုရားကြီး ဘက်စုံ ပြုပြင်မွမ်းမံရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ဘုရားဂေါပကအဖွဲ့တာဝန်ရှိသူက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ဘုရားဖူးလာအဖွဲ့တို့သည် မာရဝိဇယရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ပဋ္ဌာန်းမြတ်ဒေသနာ ၂၄ပစ္စည်းကို ရည်စူးလျက် လက်ရာမြောက်စွာ တည်ဆောက်ထားသော အနုလက်ရာများ မတူညီသည့် ဂန္ဓကုဋီတိုက် ၂၄ ဆောင်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ဘုရားဖူးလာအဖွဲ့တို့သည် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး မျက်နှာမူရာ ရှေ့တူရူအရပ်တွင် မြတ်ဗုဒ္ဓ၏ ဟောကြားခဲ့သော တရားတော်များဖြစ်သည့် သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာတို့၏ ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ်ကျမ်းစာများကို ပါဠိအက္ခရာ၊ ရိုမန်ဘာသာတို့ဖြင့် ရေးထိုးထားသည့် ကျောက်စာရုံစေတီ ၇၂၀ ရှိ ကျောက်စာချပ်ရေ ၁၄၄၀ နှင့် ပင်မကျောက်စာရုံစေတီရှိ ကျောက်စာ လေးချပ် စုစုပေါင်း ကျောက်စာချပ် ၁၄၄၄ ချပ်နှင့် အခြားသာသနိကအဆောက်အဦများကို ဆက်လက်ဖူးမြော် လေ့လာကြည်ညိုကြသည်။

အလားတူ မာရဝိဇယဗုဒ္ဓရုပ်ပွားတော် မြတ်ကြီးအား ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ တိုင်းဒေသကြီးနှင့်ပြည်နယ် လမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) အင်ဂျင်နီယာ ၅၁ ဦးနှင့် အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူ ဘုရားဖူးပြည်သူများလည်း လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိကြကြောင်း သိရသည်။

ယနေ့တွင် လာရောက်ဖူးမြော်ကြသည့် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ စကားသံများကို ယခုလို ကြားသိရသည်–

ကျွန်မတို့အနေနဲ့ မန္တလေးတိုင်းဒေသကြီးကနေ လုပ်ငန်းတာဝန်တွေ ထမ်းဆောင်နေရာကနေ ဒီဘုရားကြီးကို ပထမဦးဆုံး







အကြိမ် လာရောက်ဖူးမြော်ရခြင်း ဖြစ်ပါတယ်။ အခုလိုဘုရားကြီးကို လာရောက်ဖူးမြော်ဖို့စီစဉ်ပေးတဲ့ ဆောက်လုပ်ရေး ဝန်ကြီးဌာနက တာဝန်ရှိသူ အားလုံးကိုလည်း ကျေးဇူးတင်ကြောင်း ဒီနေရာကနေ ပြောကြားချင်ပါတယ်။ ဒီဘုရားကြီးဟာဆိုရင် အစ်မတို့ မြန်မာနိုင်ငံမှာ ထိုင်တော်မူအနေနဲ့ အကြီးဆုံးဖြစ်ပြီး သပ္ပာယ်လှတဲ့ ဘုရားကြီးဖြစ်ပါတယ်။ အစ်မတို့ လာရောက် ဖူးမြော်ရသလို အနယ်နယ်အရပ်ရပ်ကနေပြီးတော့ ဗုဒ္ဓဘာသာဝင်တိုင်းလာရောက် ဖူးမြော်သင့်တဲ့ ဘုရားတစ်ဆူလို့ အစ်မတို့အနေနဲ့ အကြံပြုချင်ပါတယ်။

ကျွန်တော်တို့ဟာ ဒီနေ့မှာ ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ လမ်းဦးစီးဌာန ကနေပြီးမှ အနယ်နယ်အရပ်ရပ်မှာ တာဝန်ထမ်းဆောင်နေကြတဲ့ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) များနဲ့အတူ လမ်းဦးစီးဌာနမှ တာဝန်ရှိသူများနဲ့အတူ စုပေါင်းပြီး ဒီဘုရားကြီးကို လာရောက် ဖူးမြော်ကြည်ညိုကြတာဖြစ်ပါတယ်။ အင်မတန် ဝမ်းသာပါတယ်။ ကျွန်တော်တို့ မြန်မာမှာ ထူးထူးဆန်းဆန်းနဲ့ တကယ့်ကို စကျင်ကျောက်တုံးတော်ကြီးကို တည်ထားကိုးကွယ်တဲ့ နေရာမှာ မြန်မာတို့ရဲ့ သုခုမလက်ရာတွေ၊ မြန်မာတို့ရဲ့ ဗိသုကာစွမ်းအား၊ မြန်မာတို့ရဲ့ အင်ဂျင်နီယာ အတတ်ပညာစွမ်းအားတွေနဲ့ တည်ထားကိုးကွယ်ထားတဲ့ ဒီဘုရားကြီးကို ဖူးမြော်ရတဲ့အတွက် အများကြီးဝမ်းသာ ဂုဏ်ယူပီတိဖြစ်ရပါတယ်။ မြန်မာတို့ရဲ့ ကြီးကျယ်ခမ်းနားတဲ့ အတတ်ပညာတို့နဲ့ ဒီလိုဘုရားကျောင်းကန် စေတီတွေ၊ ဗုဒ္ဓ ဥယျာဉ်တော်ကြီးတွေကို တည်ထားခြင်းဖြင့်လည်း ဗုဒ္ဓသာသနာတော်ကြီးဟာ အရှည်တည်တံ့ခိုင်မြဲပြီးတော့မှ ထွန်းလင်းတောက်ပ နေမယ်လို့လည်း ယုံကြည်ပါတယ်။

မင်္ဂလာပါရှင်။ ကျွန်မကတော့ မန္တလေးတိုင်း ဝန်ကြီးချုပ်ရဲ့ ပို့ဆောင်မှုနဲ့ လာရောဖူးမြော်ရပါတယ်။ ကျွန်မနာမည်က ဒေါ်တင်တင်အေးပါ။ မန္တလေး အထက– ၁၃ ကနေ အငြိမ်းစားဖြစ်ပါတယ်။ ဒီဘုရားကြီးကို စကျင်ကနေသယ်ယူတုန်းက တီဗွီကနေ ဖူးမြော်ရပါတယ်။ တီဗွီထဲမှာ ဖူးမြင်ရတာထက် ခုလက်တွေ့ ဖူးမြော်ရတော့ သဒ္ဓါတရားပိုပြီး ကြီးမားပါတယ်။ ဒီလောက် တန်ဖိုးမဖြတ်နိုင်အောင်ကြီးမားတဲ့ ဘုရားကြီးကို ရေရှည်တည်တံ့အောင်အတွက် အခုလက်ရှိ လုပ်ကိုင်နေကြတဲ့ အကြီးအကဲတွေ၊ တာဝန်ရှိသူတွေ၊ ဂေါပကအဖွဲ့တွေ အားလုံးကို ကျေးဇူးလည်း တင်ပါတယ်။ ဆက်လက်ပြီးတော့လည်း ရေရှည်ခိုင်မြဲအောင် ဆက်လက်ပြီး ထိန်းသိမ်းပေးကြပါလို့ အကြံပြုချင်ပါတယ်။ ကျွန်မတို့ ဖူးမြော်သလို အားလုံးကလည်းပဲ ဒီလိုပီတိမျိုး ခံစားရအောင် အနယ်နယ် အရပ်ရပ်က ဘုရားဖူးတွေကိုလည်း လာရောက်စေချင်ပါတယ်ရှင်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဖေဖော်ဝါရီ ၅**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းအငယ် ဖြစ်ထွန်းနေသည်။

မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်တွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**မိုး/ဇလ**

## ၂၀၂၄ ခုနှစ်၊ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုကြီးထာဝစဉ်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကာကွယ်စောင့်ရှောက်ရေး။

(၂) တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ အပြည့်အဝရရှိစေရန်အတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူ အတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၃) တိုင်းရင်းသားပြည်သူအားလုံး၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူလူထု တစ်ရပ်လုံးအကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများနှင့် MSME အခန်းကဏ္ဍတို့ မြှင့်တင်ဆောင်ရွက်ရေး။

(၄) နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာရေး တိုင်းရင်းသားအားလုံး ဝိုင်းဝန်းဆောင်ရွက်ရေး။




## တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွား ပြည်ထောင်စုသား သွေးချင်းများ တွဲထားလက်များ ခိုင်စေသား

## တို့ပြည်ထောင်စု မြန်မာပြည်

❖ ပြည်ထောင်စုသား ညီနောင်များတို့
တို့မျိုးဌာနေ တို့ရေမြေသည်
ပဝေသဏီ ရေကြည်အေးမြ
ရှေးမဆွပင် အလှဆင်တိုး
မြေဆီဖြိုး၍ တန်ဖိုးမြင့်မြတ်
လွတ်လပ်အောင်ပန်း မြတင့်ဆန်းလျက်
ပန်းခက်မွှမ်းထုံ ရနံ့စုံလွှမ်း
ငြိမ်းချမ်းဂုဏ်ထု ပြည်ထောင်စုတည့်။

❖ တို့ဘိုးတို့ဘေး အတိတ်ရေးက
မနေးချက်ချင်း ရန်ကြွင်းရန်စ
ပြည်ပအရှုပ် တိုက်ထုတ်ဖယ်ရှား
အောင်ပွဲများစွာ အစဉ်လာတွင်
သားစဉ်မြေးမြစ် ပြောထုံးဖြစ်အောင်
စွမ်းဆောင်ပေးလျက် သွေးချွေးဆက်ရင်း
ပြည်တွင်းအင်အား တန်ဖိုးထားကာ
နိုးကြားဆောင်ပြု..ပြည်ထောင်စုတည့်။

❖ ပြည်ထောင်စုသား ညီနောင်ဘွားမို့
မကွဲမပြား မြဲတစ်သားပေ
တစ်မြေတည်းနေ..တစ်ရေတည်းသောက်
တစ်မိုးအောက်တွင် တူယှဉ်မခွဲ
**"တစ်လှေတည်းစီး တစ်ခရီးတည်းသွား"**
သွေးချင်းများအစစ် အားအင်ဖြစ်ကာ
ဘယ်ခါ မယိုင်လဲ ခိုင်ခိုင်မြဲတည့်။

❖ ခိုင်မြဲစုစည်း ရှေ့ခရီးကို
အပြီးအရောက် မညည်းလျှောက်ကာ
ပန်းတိုင်သာတွေး လှမ်းကိုင်ရေးတွက်
**"ဘေးပြောမယုံ သွေးပြောယုံမည်"**
စုံညီအားမာန် ဖွဲ့ရည်သန်၍
ရေဆန်လေဆန် လှိုင်းတွေထန်စေ
မသွေမကွဲ လှော်တက်စွဲလျက်
**"လှေခွက်ချည်းကျန် အလံမလှဲ"**
သတ္တိဖွဲ့ထပ် လှော်ခတ်မည်။

❖ မိုးသက်မှုန်မှိုင်း ဘယ်လိုရိုင်းလို့
မုန်တိုင်းထန်စေ မလွဲသွေဘူး
လှေဦးအောင်လံ သန္နိဋ္ဌာန်နှင့်
ဝံပုံမြူးလွင့် ရွက်စုံလွင့်ကာ
မာန်ဝင့်စွန့်စား ညီနောင်များမို့
တို့စွမ်းအားဖြင့် ကျော်လွှားမည်။

❖ လေပြင်းသော့သွမ်း လှိုင်းတို့ကြမ်းစေ
လမ်းမသွေဘူး ရန်ဆူးရန်ကြွင်း
ဖြိုခွင်းကျော်လွှား သွေးချင်းများတို့
စွန့်စားညီညီ ဘာမထီမို့
ရွှေပြည်ကမ်းသောင် စွမ်းဆောင်စံပြု
**"ပြည်ထောင်စုစိတ်ဓာတ်"** ဖွဲ့မြင့်မြတ်၍
မပြတ်မျိုးဆက် လှော်ခတ်မည်။

**"တို့ပြည်ထောင်စု မြန်မာပြည်"**။ ။

**အကျော်ပင်**

## (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် တံခွန်စိုက်ဖလား ပြည်နယ်နှင့်တိုင်းဒေသကြီး မြန်မာ့ရိုးရာနှင့်နိုင်ငံတကာမြင်းစီးပြိုင်ပွဲဖွင့်ပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၅**

မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်က ကြီးမှူး၍ မြန်မာ့ရိုးရာမြင်းစီးအားကစားကော်မတီ၏ ပံ့ပိုးမှုဖြင့် ကျင်းပသည့် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် တံခွန်စိုက်ဖလား ပြည်နယ်နှင့်တိုင်းဒေသကြီး မြန်မာ့ရိုးရာနှင့်နိုင်ငံတကာမြင်းစီးပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်ကွင်း၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူး ကြီးဝင်းတင့်၊ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ဥပဒေချုပ် ဦးဌေးအောင်၊ မြန်မာနိုင်ငံ မြင်းစီးအားကစား အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးပြုံးမောင်မောင်နှင့် ဒုတိယဥက္ကဋ္ဌ ဦးအေးချိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး မြင်းစီးသရုပ်ပြသခြင်းနှင့် ပထမနေ့ ယှဉ်ပြိုင်သည့်ပွဲစဉ်များဖြစ်သည့် ရိုးရာဒုန်းအလတ်တန်းပြိုင်ပွဲ(ဆီမီးဖိုင်နယ်ပွဲစဉ်)များကို ကြည့်ရှုအားပေးကြသည်။

ဖေဖော်ဝါရီ ၆ ရက်တွင် ရိုးရာဒုန်းအငယ်တန်းပြိုင်ပွဲ(ကွာတားဖိုင်နယ်ပွဲ)များ၊ ၇ ရက်တွင် ရိုးရာ ဒုန်းပိုနီတန်းပြိုင်ပွဲ(ဆီမီးဖိုင်နယ်ပွဲ)များ၊ ၈ ရက်တွင် ရိုးရာအသားကျပြိုင်ပွဲများ၊ ၉ ရက်တွင် ရိုးရာဒုန်း အငယ်တန်းပြိုင်ပွဲ(ဆီမီးဖိုင်နယ်ပွဲ)များ၊ ရိုးရာခေးခုတ်/လုံပစ်ပြိုင်ပွဲများ၊ ၁၀ ရက်တွင် မြင်းအလှစီး (Dressage)ပြိုင်ပွဲများ၊ ရိုးရာလုံထိုးပြိုင်ပွဲများ၊ ၁၁ ရက်တွင် နိုင်ငံတကာတန်းခုန်(Show Jumping) ပွဲများ၊ ၁၂ ရက်တွင် ရိုးရာဒုန်းအထူးတန်း/ အကြီးတန်း/ အလတ်တန်း/ အငယ်တန်းနှင့် ပိုနီတန်းပြိုင်ပွဲတို့၏ ဗိုလ်လုပွဲစဉ်များနှင့် ဆုချီးမြှင့်ပွဲများ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်အားကစားသမားများနှင့်မြင်းများ ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**အာကာစိုး**



## မူဆယ်မြို့ စွမ်းဆောင်မူလတန်းလွန်ကျောင်း၌ အာဟာရဖြည့်အစားအစာများ ကျွေးမွေး

**မူဆယ် ဖေဖော်ဝါရီ ၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ စွမ်းစော်မူလတန်းလွန်ကျောင်း၌ မူဆယ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်



ရွှေလီလူမှုကူညီရေးအသင်းတို့ပူးပေါင်း၍ အာဟာရဖြည့်အစားအစာများ ကျွေးမွေးခြင်းကို ယနေ့နံနက် ၉ နာရီက ပြုလုပ်သည်။

မူဆယ်မြို့ စွမ်းစော်မူလတန်းလွန်ကျောင်းမှ ကျောင်းသားကျောင်းသူ ၅၀၀ ကျော်အား အာဟာရဖြည့် အစားအစာအဖြစ် ခေါက်ဆွဲပြုတ်နှင့် အာဟာရချိုချဉ်များကို ကျွေးမွေးသည်။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ရွှေလီလူမှုကူညီရေးအသင်းတို့ ပူးပေါင်း၍ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေး ရေရှည်တည်တံ့စေရန်နှင့် ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာ ပညာသင်ကြားနိုင်စေရန် ရည်ရွယ်၍ အာဟာရဖြည့် အစားအစာများ ကိုယ်တိုင်ပြုလုပ်ပြီး ပျော်ရွှင်စွာ စားသုံးကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ဝါးပေါက်ရောက်မှု တတိယအများဆုံးနိုင်ငံဖြစ်ပြီး နှစ်စဉ်ဝါးတောထွက်နှုန်းမှာအလုံးရေ ၃၀၁ သန်းရှိ မျှစ်ထုတ်လုပ်ခြင်း၊ ဝါးအခြေခံ လက်မှုနှင့်တန်ဖိုးမြင့် အချောထည်ထုတ်လုပ်ခြင်းဖြင့် ဒေသခံအတွက်အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေးလျက်ရှိ




**နေပြည်တော် ဖေဖော်ဝါရီ ၅**
ကျေးလက်ဒေသ ဖွံ့ဖြိုးမှုအထောက်အကူပြု ဝါးစိုက်ပျိုးပြုစုပျိုးထောင်ခြင်း၊ မျှစ်ချဉ်၊ မျှစ်ချိူ၊ မျှစ်ခြောက်လက်တွေ့ပြုလုပ်ခြင်းနှင့် ဈေးကွက်ချိတ်ဆက်ခြင်း သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် သစ်တောသုတေသနဌာန ရေဆင်းစုဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ တက်ရောက် အဖွင့်အမှာစကား ပြောကြားသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ဝါးပေါက်ရောက်မှု တတိယအများဆုံးနိုင်ငံဖြစ်ပြီး နှစ်စဉ်ဝါးတော ထွက်နှုန်းမှာ အလုံးရေ ၃၀၁ သန်း ရှိကြောင်း၊ မျှစ်ထုတ်လုပ်မှုအနေဖြင့် တစ်နှစ်လျှင် ပျမ်းမျှ ပိဿာ ၂၄ သိန်းခန့်ရှိကြောင်း၊ ဝါးစိုက်ခင်းများ တည်ထောင်ခြင်း၊ မျှစ်ထုတ်လုပ်ခြင်း၊ ဝါးအခြေခံ လက်မှုပစ္စည်းနှင့်တန်ဖိုးမြင့် အချောထည်များ ထုတ်လုပ်ခြင်းဖြင့် ဒေသခံများအတွက် အလုပ်အကိုင် အခွင့်အလမ်းများစွာ ဖန်တီးပေးလျက်ရှိသည့်အပြင် သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက် ကုန်ကြမ်းများကို အခြေခံသည့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ဖော်ဆောင်လျက်ရှိကြောင်း၊ ယခု သင်တန်းတွင် စီမံကိန်း ဧရိယာမှ ဒေသခံများအား ရေရှည်တည်တံ့သော မျှစ်ထုတ်ယူခြင်း၊ ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ် ရောင်းချခြင်းနှင့် ဈေးကွက် ချိတ်ဆက်ခြင်းဆိုင်ရာ နည်းစနစ်များကို စာတွေ့လက်တွေ့ ငါးရက် ပို့ချသွားမည်ဖြစ်သဖြင့် လက်တွေ့နယ်ပယ်တွင် အကျိုးရှိမည့် သင်တန်းတစ်ခု ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သော နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေး ဆိုင်ရာ သင်တန်းနှင့် လေထု အရည်အသွေး စောင့်ကြည့် တိုင်းတာရေး ကိရိယာကိုင်တွယ်ခြင်း သင်တန်းဖွင့်ပွဲသို့ တက်ရောက်ပြီး အမှာစကားပြောကြားရာတွင် ယခုသင်တန်းအား လေထုညစ်ညမ်းမှု ကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ စောင့်ကြည့်တိုင်းတာ စစ်ဆေးခြင်း လုပ်ငန်းများတွင် စွမ်းဆောင်ရည်မြင့်မားလာစေရန်၊ လေထုညစ်ညမ်းမှုကြောင့်ဖြစ်ပေါ်လာမည့် အကျိုးဆက်များကို ကြိုတင် ကာကွယ်နိုင်ရန်နှင့် ကောင်းမွန်သော ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေးစောင့်ကြည့် လေ့လာခြင်း စနစ်တစ်ခု ပေါ်ပေါက်လာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေးဆိုင်ရာ အာဆီယံသဘောတူညီချက်ကို ၂၀၀၂ ခုနှစ်တွင် သဘောတူ လက်မှတ်ရေးထိုးခဲ့ပြီး အာဆီယံနိုင်ငံများနှင့်အတူ ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုသင်တန်းတွင် သင်တန်းသား ၆၂ ဦးကို စာတွေ့လက်တွေ့ သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းသားများအနေဖြင့် လက်တွေ့နယ်ပယ်တွင် အကျိုးရှိစွာ ထိထိရောက်ရောက် အသုံးချနိုင်ရေးအတွက် ကြိုးစားလေ့လာသင်ယူသွားကြရန် မှာကြားသည်။ **သတင်းစဉ်**

# လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဓာတ်အားခွဲရုံများ တည်ဆောက်/မောင်းနှင်/ထိန်းသိမ်း ပြုပြင်ခြင်းသင်တန်း အမှတ်စဉ်(၁/၂၀၂၄)နှင့် အင်ဂျင်နီယာများ စီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ် (၁/၂၀၂၄) သင်တန်းများဖွင့်

**နေပြည်တော် ဖေဖော်ဝါရီ ၅**
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဓာတ်အားခွဲရုံများ တည်ဆောက်/ မောင်းနှင်/ ထိန်းသိမ်းပြုပြင်ခြင်း သင်တန်း အမှတ်စဉ်(၁/၂၀၂၄)နှင့် အင်ဂျင်နီယာများ စီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ်(၁/၂၀၂၄) သင်တန်းများ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန နေပြည်တော်ဇဟို သင်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း၊ ဒုတိယဝန်ကြီး ဦးအေးကျော်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဌာနအကြီးအကဲများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။



ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက သင်တန်းတွင် ထူးချွန်သူများကို တစ်ဆင့်မြင့်ပညာရပ်များ ဆက်လက်သင်ယူနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ဝန်ထမ်းရေးရာ ကိစ္စရပ်များကို ဆောင်ရွက်တတ်စေရန်နှင့် AMI စနစ်ကို Energy Meter, Server, Database နှင့် ဆက်သွယ်ရေးနည်းပညာပေါင်းစပ်ပြီး ခေတ်မီသည့် မီတာဖတ်ရှုမှုစနစ်၊ ဓာတ်အားကွပ်ကဲ/ ထိန်းသိမ်းမောင်းနှင်သည့် စနစ်တို့၏ လုပ်ဆောင်မှုကို သိရှိနားလည်စေရန်သင်တန်းကို စီမံဖွင့်လှစ်သည့်အတွက် ထိုက်သင့်သည့်ပညာရပ် အခြေခံကောင်းများရရှိမည်ဖြစ်ကြောင်း၊ သင်တန်းမှ သင်ကြားပို့ချချက်များ၊ အပြန်အလှန်ဆွေးနွေးခြင်းမှရရှိသည့် အသိပညာ၊ အတွေ့အကြုံများနှင့်ဝန်ကြီးဌာန၏ မူဝါဒ၊ ချမှတ်ထားသော စည်းကမ်းများနှင့်အညီ လျှပ်စစ်အင်ဂျင်နီယာကောင်းများအဖြစ် ဌာနအကျိုး၊ ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးတို့ကို စိတ်ကောင်းစေတနာအပြည့်နှင့် စွမ်းစွမ်းတမံ ကြိုးစားအားထုတ် ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း ပြောကြားသည်။**(အောက်ဝဲပုံ)**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဓာတ်အားခွဲရုံများ တည်ဆောက်/ မောင်းနှင်/ ထိန်းသိမ်းပြုပြင်ခြင်း သင်တန်း အမှတ်စဉ်(၁/၂၀၂၄)ကို သင်တန်းသား၂၅ဦး ဖြင့်လည်းကောင်း၊ အင်ဂျင်နီယာများ စီမံခန့်ခွဲရေး သင်တန်းအမှတ်စဉ်(၁/၂၀၂၄)ကို သင်တန်းသား ၂၄ဦး ဖြင့်လည်းကောင်း စာတွေ့လက်တွေ့ ရက်သတ္တ ငါးပတ်ကြာ ဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများသည် နေပြည်တော် ဇဟိုသင်တန်းကျောင်းဝင်းအတွင်း ဝန်ထမ်းများ သက်သာချောင်ချိရေးနှင့် သန့်ရှင်းလတ်ဆတ်စွာ စားသုံးနိုင်ရေးအတွက် ဝန်ကြီးဌာနကြီးကြပ်မှုအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနခွဲများအလိုက် စိုက်ပျိုးထားရှိသည့် နှစ်ရှည်သီးနှံပင်နှင့် ရာသီအလိုက် သီးနှံပင်စိုက်ခင်းများ စိုက်ပျိုးထားရှိမှုနှင့် အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အောင်လံမြို့၌ လေပြင်းဘေးကြိုတင်ကာကွယ်ရေး ထောက်ပံ့ငွေပေးအပ်

**အောင်လံ ဖေဖော်ဝါရီ ၅**
မကွေးတိုင်းဒေသကြီး အောင်လံမြို့၌ လေပြင်းဘေးကြိုတင်ကာကွယ်ရေး ထောက်ပံ့ငွေပေးအပ်ပွဲကို ယနေ့နံနက် ၁၀ နာရီက အောင်လံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်နိုင်က အမှာစကား ပြောကြားပြီး သရက်ခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြထွေးက ထောက်ပံ့ငွေ ပေးအပ်ရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။

ထို့နောက် လေပြင်းဘေး ကြိုတင်ကာကွယ်ရေးထောက်ပံ့ငွေများကို ပေးအပ်ရာ ရွာပြင်းကျေးရွာမှ အိမ်ခြေ ၅၅ လုံးနှင့် ကန်နှစ်ဆင့်ကျေးရွာမှ အိမ်ခြေ ၅၅ လုံး စုစုပေါင်းအိမ်ခြေ ၁၁၀ အတွက် တစ်အိမ်ထောင်လျှင် ငွေကျပ် ၄၅၀၀၀နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၄၉၅၀၀၀၀ အား ပြည်သူများ လက်ဝယ်အရောက် လွှဲပြောင်းထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မျိုးသိန်း(ပြန်/ဆက်)**

နေပြည်တော် ပျဉ်းမနားမြို့နယ် အမှတ်(၂)သစ်ထုတ်လုပ်ရေး လေ့ကျင့်ရေးသင်တန်းကျောင်း၌ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်သူရကျော် ဦးဆောင်၍ သန္တေ၊ အရန် မီးသတ်တပ်ဖွဲ့ဝင်များ မီးဘေးလုံခြုံရေးအတွက် ဖေဖော်ဝါရီ ၅ ရက်က ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ သရုပ်ပြစဉ်။ ကျော်ရဲဆွေ(သတင်းစဉ်)





မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့ မြို့မစည်ပင်သာယာဈေးအတွင်း၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေသွေး ဦးဆောင်၍ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇေယျာအောင်နှင့် သန္တေမီးသတ်တပ်ဖွဲ့ဝင်များ ဖေဖော်ဝါရီ ၅ ရက်က မီးဘေးလုံခြုံရေးပညာပေးစာစောင်များ ဖြန့်ဝေပေးစဉ်။
မြထွန်း(မလှိုင်)

# ဝန်ကြီးဌာနများအလိုက် တာဝန်ယူကြရသည့်လုပ်ငန်းကဏ္ဍအလိုက် လုပ်ငန်းများစဉ်ဆက်မပြတ် မှန်မှန်ကန်ကန်လုပ်ဆောင်ပြီး နိုင်ငံ့အကျိုးရှေးရှု၍ ပြည်သူလူထုကို အလုပ်အကျွေးပြုနေသည့် စည်းကမ်းရှိသော၊ စနစ်တကျရှိသော နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းဖြစ်စေရန် မျှော်မှန်းဆောင်ရွက်





**နေပြည်တော် ဖေဖော်ဝါရီ ၅**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်သည် ယနေ့တွင် ဥက္ကဋ္ဌရုံးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဆွေ၊ တာဝန်ရှိသူများနှင့်အတူ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)တွင် သင်တန်းတက်ရောက်နေကြသည့် ဝန်ကြီးဌာနများမှ နိုင်ငံ့ဝန်ထမ်း သင်တန်းသား သင်တန်းသူများ၊ တက္ကသိုလ်မှ သင်ကြားရေးနှင့် အုပ်ချုပ်မှုဌာနများမှ ဆရာ ဆရာမများကို ရတနာခန်းမ၌ တွေ့ဆုံ၍ အမှာစကား ပြောကြားသည်။

**ကောင်းမွန်သည့် အစိုးရအဖွဲ့ဖြစ်ရေး**

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌက နိုင်ငံတစ်နိုင်ငံ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို ကောင်းမွန်သော အစိုးရတစ်ရပ်ကသာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ အစိုးရ၏ မူဝါဒများကို လက်တွေ့အကောင်အထည်ဖော်ရသည့် **စွမ်းဆောင်ရည်မြင့်မားသော နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းများဖြစ်ရေးသည်** ကောင်းမွန်သည့် အစိုးရအဖွဲ့ဖြစ်ရေးအတွက် အလွန်အရေးကြီးသော အချက်ဖြစ်ပါကြောင်း၊ မူဝါဒများ အကောင်အထည်ဖော်ဆောင်ရွက်သည့်နေရာတွင်လည်း **ပြည်သူ့အကျိုးသာ ပဓာန အာဏာ ထူထောင်ရေးသည် သာမည** ဆိုသည့် ခံယူချက်ဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ရွေးချယ်တင်မြှောက်ခြင်းခံရသော အစိုးရအဖွဲ့သည် (၅) နှစ် (၁) ကြိမ် ပြောင်းလဲနေမည်ဖြစ်ပြီး အဆိုပါအစိုးရအဖွဲ့များသည် ၎င်းတို့၏နိုင်ငံရေးယုံကြည်ချက်ကို အခြေခံပြီး နိုင်ငံနှင့်ပြည်သူလူထုတို့၏ တည်ငြိမ်လုံခြုံရေး၊ လူမှုအကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် မတူညီသောမူဝါဒ၊ လုပ်ငန်းစဉ်များ ရှိကောင်းရှိမည်ဖြစ်သော်လည်း နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတည်ရှိနေသရွေ့ တစ်ဆက်တည်းရှိနေရမည်ဖြစ်ကြောင်း၊ **ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်ဆိုသည့် ဆောင်ပုဒ်နှင့်အညီ** နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းတစ်ရပ်ကို **ရွေးချယ်၊ ဖွဲ့စည်း၊ လေ့ကျင့်၊ ပြုစုပျိုးထောင်ပေးရေးသည် တည်ငြိမ်ပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်နေသည့် နိုင်ငံတော်တည်ဆောက်ရေးတွင် အလွန်အရေးပါသည့်အချက်ဖြစ်ကြောင်း။**

ထိုသို့ ရွေးချယ်၊ ဖွဲ့စည်း၊ လေ့ကျင့်၊ ပြုစုပျိုးထောင်နိုင်ရန်အတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များကို ဖွဲ့စည်းထားခြင်းဖြစ်ပြီး **နိုင်ငံရေးစနစ်ပေါ် အခြေခံ၍ အစိုးရအဖွဲ့ပြောင်းလဲမှုရှိသော်လည်း ဝန်ကြီးဌာနများအလိုက် တာဝန်ယူကြရသည့် လုပ်ငန်းကဏ္ဍအလိုက်၊ အဆင့်အလိုက် လုပ်ငန်းများ စဉ်ဆက်မပြတ် မှန်မှန်ကန်ကန် လုပ်ဆောင်ပြီး နိုင်ငံ့အကျိုးရှေးရှု၍ ပြည်သူလူထုကို အလုပ်အကျွေးပြုနေသည့် စည်းကမ်းရှိသော၊ စနစ်တကျရှိသော နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းဖြစ်စေရန်** မျှော်မှန်းဆောင်ရွက်လျက်ရှိကြောင်း။

**လေ့ကျင့်ပြုစုပျိုးထောင်ပေးရန်လို**

စွမ်းအားရှိ၍ စည်းကမ်းပြည့်ဝပြီး စနစ်တကျရှိသော နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းဖြစ်စေရန် နိုင်ငံတော်အစိုးရအနေဖြင့် တာဝန်ယူသည့်ကာလအတွင်း အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့ရာ နိုင်ငံ့ဝန်ထမ်း စုစုပေါင်း ၃၇၅၁၄ ဦးကို လေ့ကျင့်ပြုစုပျိုးထောင်ပေးနိုင်ခဲ့ကြောင်း၊ လေ့ကျင့်ပြုစုပျိုးထောင်ပေးသည့်နေရာတွင် လုပ်ငန်းခွင်ဆိုင်ရာ အတတ်ပညာများအပြင် ကာယကျန်းမာရေး၊ စိတ်ပိုင်းကျန်းမာရေးအတွက်လည်း မျက်ခြည်မပြတ် ဂရုတစိုက်ပြုစုပျိုးထောင်ပေးလျက်ရှိကြောင်း၊ ယခုနှစ်အတွင်း သွားလာရေးအခက်အခဲကြောင့် သင်တန်းကင်းလွတ်ခွင့်တောင်းခံသူ စုစုပေါင်း ၂၉၇ ဦး၊ ကျန်းမာရေးကိစ္စကြောင့် စနစ်တကျဆေးကုသခံယူရန် သင်တန်းကင်းလွတ်ခွင့်ဖြင့် ပြန်လည်စေလွှတ်သူ ၇၃ ဦး ရှိကြောင်း၊ နိုင်ငံ့ဝန်ထမ်းတွေကို အဆင့်အလိုက်၊ ကဏ္ဍအလိုက် လေ့ကျင့်ပေးသည့်နေရာတွင် **နိုင်ငံ့ဝန်ထမ်းများ၏ ကာယကျန်းမာရေးနှင့် စိတ်ကျန်းမာရေးကိုလည်း မျက်ခြည်မပြတ် မိဘသဖွယ် ဆောင်ရွက်ပေးနေသည်ကို** သိရှိကြစေလိုကြောင်း၊ တစ်ဦးချင်းစီကလည်း **ကာယကျန်းမာရေးနှင့် စိတ်ကျန်းမာရေး ကောင်းမွန်ပြည့်စုံနေရန် ကိုယ်စီထိန်းသိမ်းကြရမည်** ဆိုသော အသိရှိနေရန်လိုကြောင်း။

**အားကောင်းသော စီမံအုပ်ချုပ်မှုစနစ်တည်ဆောက်**

မိမိတို့ နိုင်ငံအပေါ်တွင် အကျပ်ကိုင်ခဲ့မှုများကြောင့် မတည်မငြိမ်ဖြစ်ပြီး ကသောင်းကနင်းဖြစ်နေသည့် အခြေအနေအရပ်ရပ်ကို ပြန်လည်တည့်မတ်ရန် ကြိုးပမ်းဖော်ဆောင်ရာတွင် နိုင်ငံတော်အစိုးရသည် ပြည်သူလူထု၊ နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းများနှင့် လက်တွဲပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း၊ တစ်ချိန်က အရှေ့တောင်အာရှတွင် အင်အားကြီးသည့် လက်နက်နိုင်ငံတော်တစ်ခုဖြစ်ခဲ့ရာမှ အားနည်းသည့် နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်း၊ မပီပြင်သည့် စီမံအုပ်ချုပ်ရေးအခြေအနေဖြစ်ပေါ်ခဲ့ချိန်များတွင် အချုပ်အခြာအာဏာဆုံးရှုံးရသည်အထိ ဖြစ်ခဲ့သည်ကို သမိုင်းကြောင်းအရ ရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံခေတ်ဦး ပုဂံနိုင်ငံအဖြစ် တည်ထောင်ခါစ ကာလမှသည် ခေတ်အဆက်ဆက်ဘုရင်များသည် နိုင်ငံတော် နယ်နိမိတ်ချဲ့ထွင်နိုင်ရေးနှင့် နိုင်ငံတော်နယ်နိမိတ် တည်ငြိမ်ရေးတို့အတွက် လိုအပ်သော အုပ်ချုပ်စီမံမှုတွေဆောင်ရွက်သည့်နေရာတွင် မြို့ရွာများကို ဆယ်ပြု၊ ရာပြု၊ ထောင်ပြု စသည်ဖြင့် သတ်မှတ်ခြင်း၊ လိုအပ်ချိန်တွင် စစ်အင်အားကို အလျင်အမြန်တိုးချဲ့ဖွဲ့စည်းနိုင်သည့် စီမံအုပ်ချုပ်မှုစနစ်ရှိခဲ့ခြင်းများကြောင့် ပြည်ပကျူးကျော်မှုများကို ဟန့်တားနိုင်ခဲ့ပါကြောင်း၊ သို့သော်လည်း စည်းစနစ်ကျသည့် ဝန်ထမ်းအဖွဲ့အစည်း မတည်ဆောက်နိုင်ခဲ့သဖြင့် နှစ်ကာလတစ်ခုတွင် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ဆုံးရှုံးခြင်းများ၊ လျော့နည်းခြင်းများရှိခဲ့ပါကြောင်း၊ ကုန်းဘောင်ခေတ်နောက်ဆုံးပိုင်းတွင်လည်း စနစ်တကျစီမံခန့်ခွဲမှု (နိုင်ငံ့ဝန်ထမ်းစနစ်) မရှိခဲ့ခြင်းကြောင့် နိုင်ငံဆုံးရှုံးသွားခဲ့သဖြင့် နှစ်ပေါင်း (၁၀၀)ကျော်အထိ ပြန်လည်တည်ဆောက်ခဲ့ရခြင်းကို သင်ခန်းစာယူပြီး နောက်ထပ်အလားတူ အမှားမျိုး ထပ်မံမဖြစ်ပေါ်စေရန် စနစ်တကျအားကောင်းသော စီမံအုပ်ချုပ်မှုစနစ် (နိုင်ငံ့ဝန်ထမ်းစနစ်) တည်ဆောက်ရန်လိုကြောင်း။

**တာဝန်များအောင်မြင်အောင် ဆောင်ရွက်**

သို့အတွက် မွန်မြတ်သောတာဝန်များကို ထမ်းဆောင်နိုင်ရန် ဝန်ထမ်းတစ်ဦးချင်းစီကလည်း မိမိတို့၏ ကိုယ်ကာယကျန်းမာရေး၊ စိတ်ကျန်းမာရေးကို ပြုစုပျိုးထောင်ကြရန်နှင့် သမိုင်းသင်ခန်းစာများကို သိရှိကြပြီး ပြည်သူအကျိုးကိုရှေးရှုသည့် ဒီမိုကရေစီကျင့်စဉ်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းများမှ နိုင်ငံ့ဝန်ထမ်းများအားလုံး ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာပြီး တာဝန်ဝတ္တရားများ အောင်မြင်အောင် ဆောင်ရွက်နိုင်ကြပါစေကြောင်း မှာကြားပြီး တက်ရောက်လာကြသော ဝန်ထမ်းများ၊ သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးဝန်ထမ်းများအနေဖြင့် ကမ္ဘာ့အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရန် ဘာသာစကားနှင့်နည်းပညာကျွမ်းကျင်မှုရှိစေရေး စဉ်ဆက်မပြတ်လေ့လာသင်ယူ

**နေပြည်တော် ဖေဖော်ဝါရီ ၅**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အင်္ဂလိပ်စာကျွမ်းကျင်မှုစွမ်းရည်မြှင့် သင်တန်းအမှတ်စဉ် (၁/၂၀၂၄) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံး စုပေါင်းခန်းမ၌ ကျင်းပရာ ကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေး၊ အတွင်းရေးမှူးနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ နှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

**အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်စွာ ပြောဆိုနိုင်ရန်**

အခမ်းအနားတွင် ကော်မရှင်ဥက္ကဋ္ဌက မြန်မာနိုင်ငံအနေဖြင့် ၂၀၂၆ ခုနှစ်တွင် ASEAN-PAC အစည်းအဝေးကို လက်ခံကျင်းပရမည်ဖြစ်ရာ ကော်မရှင်ရုံးဝန်ထမ်းများ၏ စုပေါင်းအင်အားဖြင့် အောင်မြင်စွာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ASEAN-PAC အစည်းအဝေးတွင် ဝန်ထမ်းများအနေဖြင့် မိမိတို့ကျရာတာဝန်ကို ကျေပွန်စွာဖြင့် ထမ်းဆောင်ကြရမည်ဖြစ်ရာ အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်စွာ ပြောဆိုနိုင်စေရန် ရည်ရွယ်၍ ယခုသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ ကော်မရှင်အနေဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရာတွင် ဒေသတွင်းအဖွဲ့အစည်းများ၊ နိုင်ငံတကာ အဂတိလိုက်စားမှု တိုက်ဖျက်ရေး အဖွဲ့အစည်းများ၊ မိတ်ဖက် အဖွဲ့အစည်းများနှင့် အပြန်အလှန် ဆက်သွယ်ဆောင်ရွက်ရန် အရေးကြီးပါကြောင်း၊ ကော်မရှင်ရုံးဝန်ထမ်းများ အနေဖြင့် ကမ္ဘာ့အဖွဲ့အစည်းများနှင့် ချိတ်ဆက် ဆောင်ရွက်နိုင်ရန် ဘာသာစကားနှင့် နည်းပညာကျွမ်းကျင်မှုရှိစေရေး စဉ်ဆက်မပြတ် လေ့လာသင်ယူရန် လိုအပ်ပါကြောင်း တိုက်တွန်းပြောကြားသည်။





**သင်တန်းကာလ ရက်သတ္တပတ် ရှစ်ပတ်**

အင်္ဂလိပ်စာ ကျွမ်းကျင်မှုစွမ်းရည်မြှင့်သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၂၅ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ဖေဖော်ဝါရီ ၅ ရက်မှ မတ် ၂၉ ရက်အထိ ရက်သတ္တပတ် ရှစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၅**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။

ထူးခြားသည့် ညအပူချိန်များမှာ ဟဲဟိုးမြို့နှင့် ဟားခါးမြို့တို့တွင် ၃ ဒီဂရီစင်တီဂရိတ်စီ၊ ကျောက်မဲမြို့၊ နမ့်စန်မြို့(ရှမ်းပြည်နယ်တောင်ပိုင်း)၊ လွိုင်လင်မြို့၊ မိုင်းယန်းမြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီ၊ မိုးကုတ်မြို့တွင် ၅ ဒီဂရီစင်တီဂရိတ်နှင့် သီပေါမြို့၊ ပင်လောင်းမြို့၊ ကျိုင်းတုံမြို့နှင့် တီးတိန်မြို့တို့တွင် ၆ ဒီဂရီ စင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

# ပဲခူးတိုင်းဒေသကြီး(အနောက်ခြမ်း)ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား လက်နက်များ တပ်ဆင်အပ်နှင်း

**နေပြည်တော် ဖေဖော်ဝါရီ ၅**

ပဲခူးတိုင်းဒေသကြီး(အနောက်ခြမ်း)ရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား လက်နက်တပ်ဆင်အပ်နှင်းခြင်းကို ယနေ့နံနက်ပိုင်းတွင် ပြည်မြို့ရှိ နယ်မြေခံတပ်ရင်းခန်းမ၌ ပြုလုပ်ရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး တေဇကျော်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ပြည်တပ်နယ်မှ တာဝန်ရှိသူများ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး တေဇကျော်က လက်နက်များ တပ်ဆင်ပေးရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဗိုလ်ချုပ်ကြီး တေဇကျော်နှင့် တာဝန်ရှိသူများက ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား လက်နက်များ တပ်ဆင်အပ်နှင်းပေးပြီး စစ်ဝတ်ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ရာ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကိုယ်စား တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဗိုလ်ချုပ်ကြီး တေဇကျော်နှင့် တာဝန်ရှိသူများက ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## အသိပေးနှိုးဆော်ချက်

(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ၁၀-၂-၂၀၂၄ ရက်နေ့တွင် အစမ်းလေ့ကျင့်ခြင်းနှင့် ၁၂-၂-၂၀၂၄ ရက်နေ့ ၀၄၀၀ အချိန်မှ အခမ်းအနားပြီးဆုံးသည်အထိ ပြည်သူ့ရင်ပြင်၌ ကျင်းပပြုလုပ်မည်ဖြစ်ရာ အခမ်းအနားကျင်းပစဉ်အတွင်း ပြည်လမ်းကို ခေတ္တပိတ်ထားမည်ဖြစ်သဖြင့် ပြည်လမ်းအတိုင်း မြောက်မှ တောင်သို့ မောင်းနှင်သွားလာသောယာဉ်များသည် မြေနီကုန်းမီးပွိုင့်တွင် ညာဘက်သို့ချိုးကွေ့၍ အောက်ကြည့်မြင်တိုင်လမ်းသို့ လည်းကောင်း၊ ပြည်လမ်းအတိုင်း တောင်မှမြောက်သို့ မောင်းနှင်လာသော ယာဉ်များသည် ပြည်ထောင်စုရိပ်သာလမ်းဘက်သို့ ချိုးကွေ့၍ ဗဟိုလမ်း၊ အလုံလမ်းမှတစ်ဆင့် အောက်ကြည့်မြင်တိုင်လမ်းသို့ လည်းကောင်း ဆက်လက်မောင်းနှင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

## ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၄၃ ဦး တွေ့ရှိ

**(၅-၂-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၂၈-၁-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၄-၂-၂၀၂၄) ရက် နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၄,၁၃၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄၃) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၃) ရာခိုင်နှုန်း ဖြစ်ပါသည်။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

○ *ကျောဖုံးမှ*

ချန်ပီယံ Bintang Timur Futsal Club အသင်း၊ ဖေဖော်ဝါရီ ၁၀ ရက်တွင် Regional East Java Team အသင်းတို့နှင့် ခြေစမ်းယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် ဖူဆယ် အသင်းတွင် အုပ်ချုပ်သူအဖြစ် ဦးရဲဝင်းထွန်း၊ နည်းပြချုပ်အဖြစ် ဘန်လက်ချာယိုဝန် (ထိုင်း)၊ လက်ထောက်နည်းပြများအဖြစ် ဦးဌေးမြင့်၊ ဦးမောင်မောင်လွင်၊ ဂိုးနည်းပြ ဦးထွန်းထွန်းလတ်၊ ကြံ့ခိုင်ရေးနည်းပြ တာဝမ် (ထိုင်း)၊ **ဂိုးသမား**-ညီညီသန့် (MIU)၊ ဖွဲ့ပြည့်စုံ (VUC)၊ ကျော်ရဲသွေး(Generations)၊ **ကစားသမား**-မျိုးမြင့်စိုး၊ ငြိမ်းမင်းစိုး၊ ထွဋ်ဝေထွန်း၊ ရဲရင့်ရွှေပေါ၊ ထွန်းမင်းလှိုင်၊ နိုင်လင်းထွန်းကျော် (VUC)၊ လဖိုင်ဇော်လွန်း (Winner Soccer)၊ ရှိုင်းထက် အောင် (ဖူဆယ်ချစ်သူ)၊ မင်းချစ်သူ (M2K)၊ ကိုကိုလွင်၊ သက်ထွန်း၊ နေထက်လင်း (MIU)၊ ဆက်ဝေယံ၊ ဇော်ဖြိုးဦး(Generations)၊ ခန့်တည်မင်းထွေး၊ သော်ထက်အောင် (လင်းလက်) တို့ လိုက်ပါသွားသည်။

**ကိုညီလေး၊ ဓာတ်ပုံ-MFF**

## မီးဘေးရှောင် မလောင်ခင်တား

◆ *ကျောဖုံးမှ*

ရည်ရွယ်လျက် နိုင်ငံ့ဝန်ထမ်းများ အပါအဝင် အပြစ်မဲ့ပြည်သူများအား အဓိက ပစ်မှတ်ထား၍ လုပ်ကြံသတ်ဖြတ်ခြင်း၊ အများပြည်သူပိုင် အဆောက်အအုံများအား မီးရှို့ခြင်း၊ ဖောက်ခွဲဖျက်ဆီးခြင်း စသည့်အကြမ်းဖက်လုပ်ငန်းများကို နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

အကြမ်းဖက်အုပ်စု အဖြစ် ကြေညာထားသော NUG လက်အောက်ခံ မန္တလေး PDF အမည်ခံ အကြမ်းဖက်အဖွဲ့နှင့် No-More Dictatorship အမည်ခံ အကြမ်းဖက်အဖွဲ့များသည် ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီး မြို့နယ်မှတစ်ဆင့် လက်နက် / ခဲယမ်းများအား ကားဂီယာဘောက်အတွင်း ထည့်သွင်း၍ ခရီးသည်တင်ယာဉ်များဖြင့် မန္တလေးမြို့သို့ သယ်ဆောင်လျက် ရှိကြောင်း အကြမ်းဖက်မှုကို မလိုလားသော ပြည်သူများ၏ သတင်းပေးပို့ချက်အရ ဖေဖော်ဝါရီ ၄ ရက် ညနေပိုင်းတွင် အောင်မြေသာစံမြို့နယ် မင်းတဲအီကင်းရပ်ကွက် လမ်း ၉၀၊ ၂၁ x ၂၂ လမ်းကြား၌ သီတာစိုး (ခ) မစိုးနှင့် တိုးညွှန့်တို့အား ကားဂီယာ ဘောက်အဟောင်းအတွင်း သိုဝှက်သိမ်းဆည်းထားသည့် SIG SAUER ပစ္စတိုငါးလက်၊ ANSAR ပစ္စတို တစ်လက်၊ BLOW ပစ္စတို နှစ်လက်၊ ကျည်အိမ်မျိုးစုံ ၁၆ ခု၊ လက်ပစ်ဗုံး တစ်လုံး၊ ၉ မမ ကျည် အတောင့် ၁၀၀၊ ပွိုင့်-၃၈၀ ကျည် အတောင့် ၂၀၀ တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံ သီတာစိုး (ခ) မစိုး၏ ထွက်ဆိုချက်အရ အောင်မြေသာစံမြို့နယ် ပြည်ကြီးရန်လုံရပ်ကွက် အကွက်(၇၀) ၁၂(ဘီ)လမ်းနှင့် ၈၇ လမ်းထောင့်၌ ကေခိုင်(ခ)ကေကေအား ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် တရားခံ ကျားတစ်ဦး၊ မ နှစ်ဦးနှင့်အတူ ပစ္စတိုမျိုးစုံ ရှစ်လက်၊ ကျည်အိမ်မျိုးစုံ ၁၆ ခု၊ လက်ပစ်ဗုံး တစ်လုံး၊ ကျည်မျိုးစုံ အတောင့် ၃၀၀ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံ သီတာစိုး (ခ)မစိုး၏ ထွက်ဆိုချက်အရ ၎င်းသည် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် NLD ပါတီဝင်တစ်ဦးဖြစ်ပြီး မန္တလေးမြို့အတွင်း ဆူပူဆန္ဒပြမှုများ၌ ဦးဆောင်ပါဝင်ခဲ့သူဖြစ်ကြောင်း၊ ၂၀၂၂ ခုနှစ်၊ ဧပြီလတွင် လိုင်ဇာသို့ သွားရောက်၍ KIA အဖွဲ့ထံ၌ အကြမ်းဖက်သင်တန်း တစ်လ တက်ရောက်ခဲ့ကြောင်း၊ အကြမ်းဖက်သင်တန်း တက်ရောက်စဉ် No-More Dictatorship-NMD

**အောင်မြေသာစံမြို့နယ် မင်းတဲအီကင်းရပ်ကွက်၌ လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည့် တရားခံ နှစ်ဦး**



သီတာစိုး(ခ)မစိုး(၃၆)နှစ်



တိုးညွှန့်(၃၉)နှစ်



ကားဂီယာဘောက်အတွင်း ထည့်သွင်းသယ်ဆောင်သည့် လက်နက် / ခဲယမ်းများ

အမည်ခံ အကြမ်းဖက်အဖွဲ့မှ ဖမ်းဆီးရန်ကျန် တရားခံ မျိုးမင်းရန်နိုင်နှင့် ရင်းနှီးခဲ့ပြီး အဆိုပါအဖွဲ့သို့ ဝင်ရောက်ခဲ့ကြောင်း၊ အကြမ်းဖက် သင်တန်းဆင်းပြီးနောက် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် မင်းတဲအီကင်းရပ်ကွက်ရှိ နေအိမ်သို့ ပြန်လည်နေထိုင်ခဲ့ပြီး သူငယ်ချင်းဖြစ်သူ ကေခိုင် (ခ) ကေကေ၊ တိုးညွှန့်တို့နှင့်အတူ NMD အမည်ခံ အကြမ်းဖက်အဖွဲ့ အတွက် ထောက်ပို့လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း ဖော်ထုတ် သိရှိရသည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်များအရ ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နေ ဖမ်းဆီးရန်ကျန် တရားခံတစ်ဦးမှ လက်နက်/ခဲယမ်းများကို ကားဂီယာဘောက် အဟောင်းများအတွင်း သိုဝှက်ထည့်သွင်း၍ ခရီးသည်တင်ယာဉ်များဖြင့် ပို့ဆောင်ပေးပြီး မန္တလေးသို့ ရောက်ရှိစဉ် သီတာစိုး(ခ)မစိုး၊ ကေခိုင်(ခ)ကေကေနှင့် တိုးညွှန့်တို့က ကားဂိတ်တွင် သွားရောက်ယူဆောင်ကာ စစ်ကိုင်းမြို့နယ် ၁၄ မိုင်ကျေးရွာအနီး၌ NMD အမည်ခံ အကြမ်းဖက်အဖွဲ့မှ ဖမ်းဆီးရန်ကျန် တရားခံ မျိုးမင်းရန်နိုင်ထံသို့ ပို့ဆောင်ပေးရကြောင်း၊ ၂၀၂၃ ခုနှစ် နိုဝင်ဘာလမှ ၂၀၂၄ ခုနှစ် ဇန်နဝါရီလအထိ လက်နက်/ခဲယမ်းများအား လေးကြိမ် ပို့ဆောင်ပေးခဲ့ကြောင်း ဖော်ထုတ် သိရှိရသည်။

သို့ဖြစ်ပါ၍ ဖမ်းဆီးရမိ တရားခံများအား ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပြီး အကြမ်းဖက်မှု ဆောင်ရွက်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ပြစ်မှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူများ၊ နောက်ကွယ်မှ ထောက်ပံ့ပေးလျက်ရှိသော ဆက်စပ်

**အောင်မြေသာစံမြို့နယ် ပြည်ကြီးရန်လုံရပ်ကွက်၌ ဖမ်းဆီးရမိခဲ့သည့် တရားခံ**



ကေခိုင်(ခ)ကေကေ(၃၉)နှစ်

တရားခံများအား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ၎င်းတို့ ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှုသတင်းများ ရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေး တိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများ အမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေးသတင်း ထုတ်ပြန်ထားသည်။

**သတင်းစဉ်**

# အင်ဒိုနီးရှား သမ္မတကိုယ်စားလှယ်လောင်းများ နောက်ဆုံး စကားစစ်ထိုးပွဲ ဆင်နွှဲ

**ဂျကာတာ ဖေဖော်ဝါရီ ၅**

အင်ဒိုနီးရှားသမ္မတ ကိုယ်စားလှယ်လောင်းများသည် ဖေဖော်ဝါရီ ၁၄ ရက် ဆန္ဒမဲပေးပွဲမတိုင်မီ နောက်ဆုံး စကားစစ်ထိုးပွဲတွင် ပါဝင်ခဲ့ကြသည်။

အင်ဒိုနီးရှားသမ္မတ ကိုယ်စားလှယ်လောင်း သုံးဦးသည် လက်ရှိ သမ္မတ ဂျိုကို ဝီဒိုဒို ၏ မူဝါဒများကို ဆက်လက်လိုက်နာသည်ဖြစ်စေ၊ မလိုက်နာသည်ဖြစ်စေ မဲဆန္ဒရှင်များကို ဆွဲဆောင်နိုင်ရေး အပြိုင်စည်းရုံးလျက်ရှိသည်။




တနင်္ဂနွေ စကားစစ်ထိုးပွဲတွင် ပါဝင်သူများမှာ ဂျကာတာ အုပ်ချုပ်ရေးမှူးဟောင်း အန်နီးဘတ်စ်ဝီဒန်၊ လက်ရှိကာကွယ်ရေးဝန်ကြီး ပရာဘိုဝို ဆူဘီယန်တိုနှင့် အလယ်ဂျာဗားအုပ်ချုပ်ရေးမှူးဟောင်း ဂန်ဂျာ ပရာနိုဝိုတို့ ဖြစ်ကြသည်။ စကားစစ်ထိုးပွဲတွင် ဆင်းရဲမွဲတေမှုကို တိုက်ဖျက်ရန် လူမှုဖူလုံရေးနှင့် ဆောင်ရွက်ချက်များကို ပြောကြားခဲ့သည်။

စကားစစ်ထိုးပွဲတွင် ပရာဘိုဝိုက ဂျိုကိုဝီဒိုဒို ချမှတ်ခဲ့သည့် စီးပွားရေးအခြေခံအုတ်မြစ်များအတိုင်း လုပ်ဆောင်သွားမည့် ၎င်း၏ရည်မှန်းချက်ကို ထပ်လောင်းဖော်ပြခဲ့သည်။ အင်ဒိုနီးရှားမြေပေါ်မှ ဆင်းရဲမွဲတေမှုကို တိုက်ဖျက်သွားမည်ဖြစ်ပြီး ပြည်သူလူထု၏ ဘဝအဆင့်အတန်းကို တိုးတက်အောင် အခြေခံအချက်များကို ကိုင်တွယ်ဖြေရှင်းသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

လိုအပ်သော ပြည်သူများကို ကူညီရန် လတ်တလော စီးပွားရေးနှင့် လူမှုဖူလုံရေးမူဝါဒများသည် လုံလောက်မှုမရှိကြောင်း အန်နီးနှင့် ဂန်ဂျာက ပြောကြားခဲ့သည်။

နိုင်ငံတော်ရင်ဆိုင်နေရသည့် အကြီးဆုံး ကိစ္စရပ်များသည် ကွာဟချက်၊ မညီမျှချက်နှင့် တရားမျှတမှု မရှိခြင်းတို့ဖြစ်ကြောင်း အန်နီးက ပြောသည်။

ဂန်ဂျာက မိခင်တိုင်း၊ ကလေးတိုင်း၊ သက်ကြီးရွယ်အိုတိုင်း၊ မသန်စွမ်းသူတိုင်းနှင့် ဒေသခံ အသိုင်းအဝိုင်းတိုင်း ညီမျှသည့် ကျန်းမာရေးစောင့်ရှောက်မှု ရသင့်ကြောင်း ဖော်ပြခဲ့သည်။

လွန်ခဲ့သောလက ကောက်ယူခဲ့သော ပြည်သူ့အမြင်စစ်တမ်းက ပရာဘိုဝိုသည် ထောက်ခံနှုန်း ၄၇ ရာခိုင်နှုန်းရရှိပြီး ၎င်း၏ပြိုင်ဘက် နှစ်ဦးထက် ထောက်ခံမဲ ပိုများကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



ဗယ်ပါရီဆိုဒေသ၌ တောမီးကြောင့် ပျက်စီးမှုများကို တွေ့ရစဉ်။

## ချီလီနိုင်ငံအလယ်ပိုင်း၌ ပြင်းထန်သည့် တောမီးလောင်မှုကြောင့် သေဆုံးသူ ၉၉ ဦးအထိ တိုးလာ

**ဆန်တီယာဂို ဖေဖော်ဝါရီ ၅**

ချီလီနိုင်ငံအလယ်ပိုင်း ဗယ်ပါရီဆိုဒေသတွင် ပြင်းထန်သည့် တောမီးလောင်မှုကြောင့် သေဆုံးသူ စုစုပေါင်း ၉၉ ဦးအထိ တိုးလာကြောင်း နိုင်ငံ၏ တရားဝင်ဆေးဘက်ဆိုင်ရာ ဝန်ဆောင်မှုအဖွဲ့ (အက်စ်အမ်အယ်လ်)က ဖေဖော်ဝါရီ ၄ ရက်တွင် ပြောကြားသည်။

ယခုအချိန်အထိ ချီလီ၏ တရားဝင် မှုခင်းဆေးပညာ အေဂျင်စီ အက်စ်အမ်အယ်လ်သည် တောင်အမေရိကနိုင်ငံ ဖြစ်သည့် ချီလီ၌ ဖေဖော်ဝါရီ ၂ ရက်က မီးလောင်မှုကြောင့် သေဆုံးသူ ၃၂ ဦး ဖော်ထုတ်နိုင်ခဲ့ကြောင်း ပြောကြားသည်။

မြို့တော် ဆန်တီယာဂို၏ အနောက်ဘက် ၁၀၀ ကီလိုမီတာခန့်တွင် ရှိသည့် ဗယ်ပါရီဆိုဒေသတွင် ဟက်တာ ၁၁၀၀၀ ကျော် မီးလောင်ခဲ့ရကြောင်း ချီလီ အမျိုးသားဘေးအန္တရာယ်ကာကွယ်ရေးနှင့် တုံ့ပြန်ရေးဝန်ဆောင်မှုအဖွဲ့က ထုတ်ပြန်ထားသည့် နောက်ဆုံး အစီရင်ခံစာအရ သိရသည်။ မီးငြိမ်းသတ်ရာတွင် အကူအညီဖြစ်စေရန်နှင့် ဒေသတွင်း အရင်းအမြစ်များ ပိုမိုဖော်ဆောင်နိုင်စေရန် စစ်ဘက်ဆိုင်ရာကို ဖြန့်ကြက်ရန် အရေးပေါ်အခြေအနေတစ်ရပ် ကြေညာခဲ့သည်။ မီးလောင်မှုမှာ ချီလီနိုင်ငံ၌ မကြာသေးမီ ဆယ်စုနှစ်များအတွင်း သေဆုံးမှု အများဆုံး ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

## အမေရိကန် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ဗိုင်းရပ်စ်အခြေအနေများကို စောင့်ကြည့်မှုတိုးမြှင့်ရန် တိုကျိုတွင် ရုံးတစ်ရုံးဖွင့်

**တိုကျို ဖေဖော်ဝါရီ ၅**

အမေရိကန် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာစီဒီစီသည် ဗိုင်းရပ်စ်အခြေအနေများကို စောင့်ကြည့်မှု တိုးမြှင့်ရန် တိုကျိုတွင် ရုံးတစ်ရုံးဖွင့်လှစ်ခဲ့သည်။

အရှေ့အာရှနှင့် ပဖိတ်ဒေသရုံး ဖွင့်ပွဲကို ဂုဏ်ပြုရန် အမေရိကန် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ ညွှန်ကြားရေးမှူး မန်ဒီကိုဟန်က ဂျပန်နိုင်ငံသို့ လာရောက်လည်ပတ်စဉ်အတွင်း ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

တိုကျိုတွင် ရုံးဖွင့်ခြင်း၏ အရေးပါပုံကို ကိုဟန်က ပြောကြားခဲ့သည်။

ကမ္ဘာကြီး၏ဤအစိတ်အပိုင်းသည် ကမ္ဘာ့လုံခြုံရေးအတွက် အရေးပါသည်ကို မိမိတို့ သိရှိကြောင်းနှင့် ဗိုင်းရပ်စ်သစ်များသည် ဤအစိတ်အပိုင်းမှ ဖြစ်ပေါ်လာသည်ကို မိမိတို့သိရှိပါကြောင်း ကိုဟန်က ပြောကြားသည်။

အမေရိကန် ပြည်ထောင်စုတွင် စီဒီစီသည် ကိုဗစ်-၁၉ ကပ်ရောဂါကို တုံ့ပြန်ဆောင်ရွက်ရာတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်သည်။

အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် သတင်းအချက်အလက်များ ဖလှယ်ခြင်းသည် အသစ်အသစ်သော သို့မဟုတ် ဖြစ်ပေါ်လာသော ခြိမ်းခြောက်မှုများကို လျင်လျင်မြန်မြန် လက်တွဲညီညီ တုံ့ပြန်ခြင်းနှင့် အမျိုးအမည် သတ်မှတ်ခြင်းတွင် အလွန်အရေးကြီးကြောင်း ကိုဟန်က ဆက်လက်ပြောကြားသည်။ ကမ္ဘာ့ကျန်းမာရေးကို ကာကွယ်ရန် မိမိတို့သည် မိမိတို့တွင်ရှိသည့် အကောင်းဆုံး စွမ်းအားများကို စုပေါင်းယူဆောင်လာကြရန် လိုကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**အင်န်အိတ်ချ်ကေ**




အမေရိကန် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာစီဒီစီမှ ညွှန်ကြားရေးမှူး မန်ဒီကိုဟန်။

## မော်လ်ဒိုက်ဗ်နိုင်ငံက ယခုနှစ်အတွင်း ကမ္ဘာလှည့်ခရီးသည် နှစ်သန်းကို ဆွဲဆောင်သွားမည်

**ကိုလံဘို ဖေဖော်ဝါရီ ၅**

ခရီးသွားလုပ်ငန်း စတင်သည့် အချိန်မှစကာ မော်လ်ဒိုက်ဗ်သမိုင်းတွင် ပထမဆုံးအဖြစ် ယခုနှစ်အတွင်း ကမ္ဘာလှည့်ခရီးသည် နှစ်သန်းကို ဆွဲဆောင်နိုင်မည်ဟု သမ္မတ မိုဟာမက် မက်ဇူက ဖေဖော်ဝါရီ ၅ ရက်တွင် ခန့်မှန်းထားကြောင်း ဒေသတွင်း မီဒီယာများက ထုတ်ပြန်ထားသည်။

ဗယ်လာနာ အပြည်ပြည်ဆိုင်ရာ လေဆိပ် (ဗွီအိုင်အေ) တိုးချဲ့ခြင်းမှာ ကမ္ဘာလှည့်ခရီးသည် ဝင်ရောက်မှုပျမ်းမျှ ၁၀ ဒသမ ၃ ရာခိုင် နှုန်းအထိ တိုးလာဖွယ်ရှိကြောင်း၊ ၎င်း၏ အစိုးရအဖွဲ့သည် ယခုနှစ်အတွင်း အပန်းဖြေစခန်းအသစ် ၂၀ ဖွင့်လှစ်မည်ဖြစ်ကြောင်း သမ္မတ မက်ဇူက ပြောကြားသည်။

ယခုအခါ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန်အတွက် ကျွန်းများ၊ မြေကွက်များနှင့် ပင်လယ်ကမ်းခြေများ ဖွံ့ဖြိုးတိုးတက်ရန် သီးခြားအမည်ပေး ဖော်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ မော်လ်ဒိုက်ဗ်နိုင်ငံသည် ၂၀၂၃ ခုနှစ်က ကမ္ဘာလှည့် ခရီးသည် ၁ ဒသမ ၈ သန်းကျော် ဝင်ရောက်ခဲ့ကြောင်း သိရသည်။

မော်လ်ဒိုက်ဗ်နိုင်ငံသည် ယခုနှစ် ဇန်နဝါရီလအတွင်း ကမ္ဘာလှည့်ခရီးသည် ၁၉၂၀၀၀ ကျော် လာရောက်ခဲ့ပြီး ၂၀၂၃ ခုနှစ် ဇန်နဝါရီလနှင့် နှိုင်းယှဉ်ပါက ၁၁ ဒသမ ၅ ရာခိုင်နှုန်း တိုးလာကြောင်း ခရီးသွားဝန်ကြီးဌာနမှ ထုတ်ပြန်သည့် စာရင်းဇယားများအရ သိရသည်။

**ဆင်ဟွာ**

## အိန္ဒိယနိုင်ငံ အကျဉ်းထောင်အတွင်းမှ အကျဉ်းသား ၃၆ ဦးတွင် အိတ်ချ်အိုင်ဗွီပိုးတွေ့ရှိ

**နယူးဒေလီ ဖေဖော်ဝါရီ ၅**

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တရာပရာဒေ့ရှ်ပြည်နယ် အကျဉ်းထောင်အတွင်းမှ အကျဉ်းသား ၃၆ ဦး ထက်မနည်း အိတ်ချ်အိုင်ဗွီပိုး စစ်ဆေးတွေ့ရှိကြောင်း ဒေသတွင်းမီဒီယာများက ဖေဖော်ဝါရီ ၅ ရက်တွင် ဖော်ပြထားသည်။

ဥတ္တရာပရာဒေ့ရှ်ပြည်နယ်၏ မြို့တော် လက်ခ်နောင်း၌ အကျဉ်းထောင်အတွင်း အကျဉ်းသားများကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာလက ကျန်းမာရေး စစ်ဆေးမှုပြုလုပ်ခဲ့ရာ အိတ်ချ်အိုင်ဗွီပိုး စစ်ဆေးတွေ့ရှိကြောင်း၊ အသစ်ထပ်မံတွေ့ရှိမှုနှင့်အတူ အကျဉ်းထောင်အတွင်း အိတ်ချ်အိုင်ဗွီပိုးကူးစက်ခံရသည့် အကျဉ်းသားအရေအတွက်မှာ ယခုအခါ ၆၃ ဦးအထိ တိုးလာပြီဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

## တရုတ်နိုင်ငံ အလယ်ပိုင်းတွင် ပြခန်းတစ်ခု ပြိုကျပြီး လူတစ်ဦးသေဆုံး

**ပေကျင်း ဖေဖော်ဝါရီ ၅**

တရုတ် နိုင်ငံအလယ်ပိုင်း ဟူနန်ပြည်နယ်တွင် နှင်းထူထပ်စွာ ကျဆင်းပြီးနောက် လယ်ယာထွက်ကုန်များပြသသော ပွဲတစ်ခုရှိ ဆိုင်တစ်ဆိုင်၏ အမိုးပြိုကျခဲ့ရာ လူတစ်ဦး သေဆုံးခဲ့ပြီး ၁၃ ဦး ဒဏ်ရာရရှိခဲ့သည်။

ပြပွဲဈေးဆိုင်တန်း၏ အမိုးတစ်ဝက်တစ်ပျက်ပြိုကျခဲ့ပြီး ၁၄ ဦး ပိတ်မိခဲ့သည်။ ပိတ်မိနေသူများကို ကယ်ဆယ်ရေး လုပ်သားများက ကယ်ဆယ်ခဲ့သည်။ သို့သော်လည်း တစ်ဦးသေဆုံးခဲ့သည်။ တခြား ၁၃ ဦးမှာ ဒဏ်ရာအနည်းငယ်ရရှိခဲ့သည်။ ဘေးကင်းလုံခြုံရေးနှင့် ဆေးဘက်ဆိုင်ရာ ကုသမှုများပေးနိုင်ရန် ဆက်လက်ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**



# ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာ



ပျော်ရွှင်လေ့လာအင်္ဂလိပ်စာဖတ်ပရိသတ်အပေါင်း မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။ ဒီတစ်ပတ်ရဲ့ ဗဟုသုတဖြစ်ဖွယ် အင်္ဂလိပ်စာကဏ္ဍရဲ့ Grammar အပိုင်းမှာ Coordinating Conjunctions နဲ့ Subordinating Conjunctions တို့ရဲ့ အားပြိုင်မှုတွေအကြောင်း အနှစ်ချုပ်ဖော်ပြလိုက်ပါတယ်။ ဒါ့အပြင် စကားပြောပိုင်းမှာလည်း ''Job interview'' အလုပ်အင်တာဗျူးမှာ ဘယ်ပုံဘယ်နည်းပြောဆိုသုံးနှုန်းရမလဲဆိုတာကို Shortest way to talk about ''Job Interview'' ဆိုပြီးဖော်ပြလိုက်ပါတယ်။ ဒါ့အပြင် Vocabulary အပိုင်းမှာတော့ နေ့စဉ်ဘဝမှာအသုံးများတဲ့ အီဒီယံ (Idiom) စကားလုံးအသုံးအနှုန်းတွေကို မြန်မာလိုအဓိပ္ပာယ် ရှင်းလင်းချက်များနဲ့သာမက နမူနာဝါကျများနဲ့ပါ ဖော်ပြပေးလိုက်ပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့တိုက်တွန်းရင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပြီး ဘေးဘယာတွေ ဝေးကွာကြပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။

## GRAMMAR

### Basic to Intermediate

**Conjunctions (စကားဆက်)**

Conjunctions တွေဟာ စကားလုံးတွေကိုဖြစ်စေ၊ စကားစုတွေကို ဖြစ်စေ၊ ဝါကျပိုင်းတွေကို ဖြစ်စေ၊ ပုဒ်အချင်းချင်းကိုဖြစ်စေ၊ အဓိပ္ပာယ် အချင်းချင်းကိုဖြစ်စေ၊ ဝါကျအချင်းချင်းကိုဖြစ်စေ ဆက်စပ်ပေးတဲ့ နေရာမှာသုံးတဲ့ စကားဆက်တွေပဲဖြစ်ပါတယ်။ စကားဆက်များဟာ များသောအားဖြင့် ဝါကျတိုနှစ်ကြောင်း သို့မဟုတ် နှစ်ကြောင်းထက် ပိုတဲ့ ဝါကျတွေကို တစ်ကြောင်းထဲပေါင်းပြီး ပိုပြီးအဓိပ္ပာယ်ပြည့်စုံအောင် ဆက်ပေးတဲ့စကားလုံးတွေပဲဖြစ်ပါတယ်။ အရင်အပတ်က Subordinating Conjunctions တွေအကြောင်း ရေးသားဖော်ပြနေတာ ဖြစ်ပါတယ်။ အခုဆက်လက်ပြီး ဒီတစ်ပတ်ရဲ့ Grammar အပိုင်းမှာ Coordinating Conjunctions နဲ့ Subordinating Conjunctions တို့ရဲ့ အားပြိုင်မှုတွေအကြောင်း အနှစ်ချုပ်ဖော်ပြလိုက်ပါတယ်။

Coordinating Conjunctions Vs Subordinating Conjunctions

(Coordinating Conjunctions နဲ့ Subordinating Conjunctions တို့ရဲ့ အားပြိုင်မှုများ)

Coordinating Conjunctions

Coordinating Conjunctions are conjunctions that connect elements of equal grammatical rank. They join words, phrases, or independent clauses that are of equal importance within a sentence. The most common coordinating conjunctions are ''and, but, or, nor, for, and yet.''

(အဆင့်တူ သဒ္ဒါဖွဲ့စည်းပုံတူတဲ့ ဝါကျအစိတ်အပိုင်းတွေ တစ်ခုနဲ့ တစ်ခု ဆက်သွယ်ပေးတဲ့ Conjunctions တွေကို Coordinating Conjunctions လို့ခေါ်နိုင်ပါတယ်။ ဒီ Coordinating Conjunctions တွေဟာ ဝါကျတစ်ကြောင်းမှာရှိတဲ့ အဆင့်တူ စကားလုံးတွေ၊ စကားစုတွေ သို့မဟုတ် အမှီအခိုကင်းတဲ့ ဝါကျ (ပိုင်း) တွေကို အတူတူပေါင်းစပ်ပေးပြီး အဓိပ္ပာယ်ပြည့်စုံတဲ့ ဝါကျတစ်ကြောင်းဖြစ်အောင် ဖန်တီးပေးပါတယ်။ အသုံးများတဲ့ တွေ့ရများတဲ့ Coordinating Conjunctions တွေကတော့ and၊ but၊ or၊ nor၊ for နဲ့ yet တို့ပဲဖြစ်ပါတယ်။)

Coordinating conjunctions are used to link similar parts of speech, such as nouns, verbs, adjectives, adverbs, or independent clauses. They create relationships of coordination, indicating that the connected elements are equally important or have equal weight in the sentence.

(Coordinating Conjunctions တွေကို ဝါစင်္ဂအစိတ်အပိုင်းတူတဲ့ (ဥပမာ Nouns–Nouns ချင်း၊ Verbs–Verbs ချင်း၊ Adjectives–Adjectives ချင်း၊ Adverbs– Adverbs ချင်း စတဲ့တူညီတဲ့ စကားအစိတ်အပိုင်းများ) သို့မဟုတ် အဓိပ္ပာယ်အားဖြင့်လည်းကောင်း ဝါကျဖွဲ့စည်းပုံအားဖြင့်လည်းကောင်း တခြားဝါကျပိုင်းတစ်ခုအပေါ် မှီခိုမှုမရှိဘဲ မိမိကိုယ်တိုင်ရပ်တည်နိုင်တဲ့ လွတ်လပ်တဲ့ အမှီအခိုကင်းတဲ့ ဝါကျပိုင်းတွေကို ဆက်သွယ်ရာမှာ အသုံးပြုနိုင်ပါတယ်။)

Examples of coordinating conjunctions in use:

အောက်မှာဖော်ပြထားတာတွေကတော့ Coordinating Conjunctions ကိုအသုံးပြုထားတဲ့ နမူနာဝါကျတွေပဲဖြစ်ပါတယ်။

- She likes both tea and coffee.
- The dog barked, but the cat remained silent.
- You can have either pizza or pasta for dinner.
- He neither smiled nor waved at us.

In short, coordinating conjunctions make compound sentences.

အတိုချုံ့ပြီးပြောရမယ်ဆိုရင်တော့ Coordinating Conjunctions တွေက အဆင့်တူဝါကျ (ပိုင်း) များကို ပေါင်းစပ်ထားတဲ့ ပေါင်းစပ်ဝါကျ သို့မဟုတ် ဝါကျပေါင်း တွေပါပဲ။

Subordinating Conjunctions

Subordinating conjunctions are conjunctions that introduce a dependent clause, which cannot stand alone as a complete sentence. They establish a relationship of subordination, indicating that the connected clause is dependent on the main clause for its meaning and cannot functions independently. Some common subordinating conjunctions include "although, because, if, when, while, since, until, and unless."

(ပြီးပြည့်စုံတဲ့ ဝါကျတစ်ကြောင်းအဖြစ် ကိုယ့်ဟာကိုယ်မရပ်တည်နိုင်ဘဲ တခြားဝါကျအစိတ်အပိုင်းပေါ် မှီခိုနေရတဲ့ မှီခိုဝါကျပိုင်းတွေကို ဆက်သွယ်ပေးတဲ့ စကားဆက်တွေကို Subordinating Conjunctions တွေလို့ခေါ်ပါတယ်။ Subordinating Conjunctions တွေဟာ ဖွဲ့စည်းပုံအားဖြင့်လည်း လွတ်လပ်စွာမရပ်တည်နိုင်သလို အဓိပ္ပာယ်အားဖြင့်လည်း အဓိကဝါကျပိုင်းအပေါ် မှီခိုနေရတဲ့ ဝါကျပိုင်းတွေကို ဆက်စပ်ပေးတဲ့ စကားဆက်တွေပဲဖြစ်ပါတယ်။)

Subordinating conjunctions are used to introduce adverbial clauses, which provide additional information about time, cause, condition, c ontrast, or manner. The dependent clause introduced by a subordinating conjunction is typically positioned after the main clause in a sentence.

## Vocabulary (Idiom)

1. at times (တစ်ခါတစ်ရံ)
   At times the sick man seemed to recognize us.
   တစ်ခါတစ်ရံတော့ လူနာက ကျွန်တော်တို့ကို မှတ်မိပုံရတယ်။
2. at sea (စိတ်ရှုပ်နေသော)
   Although he explained it to her, she was still completely at sea.
   အဲဒီအကြောင်းသူ (မ) ကို ရှင်းပြခဲ့ပြီးပေမယ့်လည်း သူ (မ) ကတော့ စိတ်ရှုပ်ထွေးနေဆဲပဲ။ ဘူးလုံးနားမထွင်းဖြစ်နေဆဲပဲ။
3. at one's wits' end (ကြံရာမရဖြစ်နေသည်။)
   He was at his wit's end trying to borrow money.
   (ချေးငွေမရနိုင်လို့ သူဦးနှောက်ခြောက်နေတယ်။ ကြံရာမရ ဖြစ်နေတယ်။)
4. at one's finger tips (အလွယ်တကူရသည်။ ဒိုးဒိုးဒေါက်ဒေါက် ရသည်။)
   He has all the necessary facts at his finger tips.
   (လိုအပ်တဲ့ဘယ်အချက်မဆို သူကတော့ ဒိုးဒိုးဒေါက်ဒေါက်ပဲ)
5. at once (ချက်ချင်း)
   You must send this letter at once.
   (ဒီစာကို ချက်ချင်းပို့ရမယ်။)

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ် တနင်္လာနေ့မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

# CONVERSATION



## Shortest way to talk about ''why should we hire you?—VI''

ဒီတစ်ပတ်မှာတော့ "Job Interview" အလုပ်အင်တာဗျူးမှာ ဘယ်ပုံဘယ်နည်းပြောဆိုသုံးနှုန်းရမလဲဆိုတာကို Shortest way to talk about ''Job Interview'' ဆိုပြီး ဖော်ပြလိုက်ပါတယ်။

**Conversation**

Simon (Applicant): Hello!

Secretary: Hello, sir. How may I assist you?

Simon (Applicant): I'm here for a job inter-view.

Secretary: May I know your name, please?

Simon (Applicant): My name is Simon.

Secretary: I see. You can go in the office room.

Simon (Applicant): Where is it?

Secretary: Go straight and turn right.

Simon (Applicant): Got it. Thanks.

Daniel (Boss): Good morning! I am Daniel. I am the head of this company.

Simon (Applicant): Nice to meet you, Sir. I am Simon.

Daniel (Boss): Nice to meet you, too. Simon. How did you find about this job?

Simon (Applicant): I saw an ad on your website.

Daniel (Boss): Tell me something about yourself?

Simon (Applicant): I am from London. I have a M–com degree from Oxford university. I graduated in 2018. I am working as a sales manager currently.

Daniel (Boss): Where are you currently working?

Simon (Applicant): I am currently working at a Sunshine company.

Daniel (Boss): What is your role?

Simon (Applicant): I am a sales manager. I manage the meetings and help my clients in their problems. I also take care about sales.

Daniel (Boss): How long have you been wor-king there?

Simon (Applicant): I have been working there for the last 2 years.

Daniel (Boss): Why do you want to leave your current job? What are your qualifications?

Simon (Applicant): I have a M–com degree. I have also a diploma in office management.

Daniel (Boss): May I see your CV?

Simon (Applicant): Here you are.

Daniel (Boss): Well done. You got A+ in every semester. What are your strengths?

Simon (Applicant): I am very loyal and hard–working. I am punctual as well. I work fast and good.

Daniel (Boss): How many words can you type in a minute?

Simon (Applicant): I can type 42 words in a minute.

**Language Focus**

1. How may I assist you?

ဘယ်လိုကူညီရမလဲဆိုပြီး တစ်ယောက်ယောက် မေးရင် သုံးနိုင်တဲ့စကားပြောပုံစံလေးကတော့ How may I assist you? ပဲဖြစ်ပါတယ်။ ကိုယ်ကလည်း သူများကို ဘယ်လိုကူညီရမလဲဆိုပြီး မေးရင် အခုလိုမျိုးလေး မေးနိုင်ပါတယ်။

2. I'm here for a job interview.

ကျွန်တော်ဒီကို အလုပ်အင်တာဗျူးအတွက် ရောက်နေတာပါဆိုပြီးပြောရင် ဒီလိုပုံစံမျိုး ပြောကြပါတယ်။ ကိုယ်ကအလုပ်တွေဘာတွေသွားလျှောက်လို့ တစ်ယောက်ယောက် မင်းဘာလို့ ဒီနေရာရောက်နေတာလဲ ဆိုပြီးမေးရင် ဒီလိုမျိုးလေး I'm here for a job interview ဆိုပြီး ဖြေလို့ရပါတယ်။

3. an ad

ဒါလေးကတော့ ကြော်ငြာဆိုတဲ့ advertisement ရဲ့အတိုဆုံး လျှပ်တစ်ပြတ်အသုံးလေးပဲဖြစ်ပါတယ်။

4. Where are you currently working?

အခုလတ်တလောဘယ်မှာ အလုပ်လုပ်နေလဲ ဆိုပြီးပြောရင် Where are you currently working? ဆိုပြီး ပြောနိုင်မေးနိုင်ပါတယ်။

5. What are your qualifications?

ဒါကတော့ အလုပ်အင်တာဗျူးမှာ မေးလေ့မေးထရှိတဲ့ မေးခွန်းပုံစံတစ်ခုပဲဖြစ်ပါတယ်။ မင်းရဲ့အရည်အချင်းတွေက ဘာတွေလဲဆိုပြီး ဖြစ်ပါတယ်။ အလုပ်ရချင်ရင် ဒါလေးကိုတော့ ကျွမ်းကျင်အောင် လေ့ကျင့်ထားနော်။

6. What are your strengths?

ဒါလည်း အလုပ်အင်တာဗျူးတွေမှာ မေးလေ့ရှိပါတယ်။ မင်းရဲ့အားသာချက်တွေက ဘာတွေလဲ ဆိုပြီး မေးတာဖြစ်ပါတယ်။ ဒါလေးကိုလည်း ဘယ်လိုဖြေမလဲဆိုတာ လေ့လာထားနော်။

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း–၀၉–၄၄၄၆၆၂၇၆၄ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။

## ကံပိုင်တည်ကုန်သွယ်ရေးစခန်းမှ တစ်သျှူးငှက်ပျော၊ ဆန်နှင့် ရွှေဖရုံတင်ပို့

ကံပိုင်တည် ကုန်သွယ်ရေးစခန်းမှ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ကုန်သွယ်မှု လျာထားချက်မှာ ပို့ကုန် ဒေါ်လာ ၁၈ ဒသမ ၀၀၀ သန်း၊ သွင်းကုန် ဒေါ်လာ ၂ ဒသမ ၅၀ သန်း စုစုပေါင်း ဒေါ်လာ ၂၀ ဒသမ ၅၀ သန်း ဖြစ်သည်။ ဖေဖော်ဝါရီ ၃ ရက်အထိ အမှန်ကုန်သွယ်မှုမှာ ပို့ကုန် ဒေါ်လာ ၄ ဒသမ ၂၆၇ သန်းနှင့် သွင်းကုန် ဒေါ်လာ ၀ ဒသမ ၅၀၅ သန်း စုစုပေါင်း ဒေါ်လာ ၄ ဒသမ ၇၇၂ သန်း ဖြစ်သဖြင့် ကုန်သွယ်မှုလျာထားချက်အပေါ် ၂၃ ဒသမ ၂၇၈ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့သည်။



ကံပိုင်တည် ကုန်သွယ်ရေးစခန်း၏ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂၀ ရက်မှ ဖေဖော်ဝါရီ ၃ ရက်အထိ အဓိကပို့ကုန်ဖြစ်သည့် တစ်သျှူးငှက်ပျော တန် ၁၄၉၅၀၊ ဧည့်မထဆန် တန် ၆၂၀၊ ဖရဲသီး တန် ၁၀၀၊ ငရုတ်သီး ၄၀၈ တန်၊ ကြက်သွန်နီ ၄၇၇ တန်နှင့် ရွှေဖရုံသီး ၅၁၄ တန် တင်ပို့နိုင်ခဲ့သည်။

သွင်းကုန်ပစ္စည်းများ အနေဖြင့် သံကြိုးခွေ၊ မြက်ခင်းတုနှင့် လူသုံးအဝတ်အထည်များဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုပစ္စည်း ၁၉၄ တန်၊ လုပ်ငန်းသုံးပစ္စည်း တန် ၂၅၀ နှင့် လူသုံးကုန်ပစ္စည်း ၂၅၆ တန်တို့ တင်သွင်းနိုင်ခဲ့ကြောင်း သိရသည်။

**DOT (ကံပိုင်တည်)**

## အောင်လံကုန်စည်ဒိုင်၏ သီးနှံမျိုးစုံဈေးနှုန်းများနှင့် အရောင်းအဝယ်ဖြစ်မှုအခြေအနေ

မကွေးတိုင်းဒေသကြီး အောင်လံကုန်စည်ဒိုင်၌ လယ်ယာထွက်ကုန်သီးနှံမျိုးစုံ ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိရာ ဇန်နဝါရီလ စတုတ္ထပတ်တွင် စမုံနှမ်းနက် ၄၅ ပိဿာပါ တစ်အိတ်လျှင် ကျပ် ၃၃၅၀၀၀ – ၃၈၀၀၀၀ ဖြင့် အိတ် ၃၉၀၀၊ နှမ်းပြာ ၄၅ ပိဿာပါ တစ်အိတ်လျှင် ကျပ် ၃၄၀၀၀၀ ဖြင့် အိတ် ၅၅၀၊ နှမ်းနီ ၄၅ ပိဿာပါ တစ်အိတ်လျှင် ကျပ် ၃၂၀၀၀၀ – ၃၃၀၀၀၀ ဖြင့် အိတ် ၁၇၀၊ နှမ်းဖြူ ၄၅ ပိဿာပါ တစ်အိတ်လျှင် ကျပ် ၃၃၀၀၀၀–၃၄၀၀၀၀ ဖြင့် အိတ် ၁၃၀၊ ကုလားပဲ(H–L) တစ်တင်းလျှင် ကျပ် ၉၅၀၀၀–၉၇၀၀၀ ဖြင့် ပိဿာ ၃၀ ပါ အိတ် ၁၂၀၀၊ ကုလားပဲ(မြကြေး) တစ်တင်းလျှင် ကျပ် ၉၅၀၀၀–၉၆၀၀၀ ဖြင့် ပိဿာ ၃၀ ပါ အိတ် ၆၀၀၊ မတ်ပဲ တစ်တင်းလျှင် ကျပ် ၉၅၀၀၀–၁၀၄၀၀၀ ဖြင့် ပိဿာ ၃၀ ပါ အိတ် ၂၇၀၊ ပဲစင်းငုံအနီ တစ်တင်းလျှင် ကျပ် ၁၁၈၅၀၀– ၁၂၃၅၀၀ ဖြင့် ပိဿာ ၃၀ ပါ အိတ် ၃၆၀၀ ကို လည်းကောင်း။

ဘိုကိတ်ပြာ တစ်တင်းလျှင် ကျပ် ၇၃၀၀၀– ၇၅၀၀၀ ဖြင့် ပိဿာ ၃၀ ပါ အိတ် ၁၀၀၊ ဆောင်းပဲတီစိမ်း တစ်တင်းလျှင် ကျပ် ၇၂၀၀၀– ၇၇၀၀၀ ဖြင့် ပိဿာ ၃၀ ပါ အိတ် ၁၅၀၀၊ မိုးပဲတီစိမ်း တစ်တင်းလျှင် ကျပ် ၆၀၀၀၀– ၆၂၀၀၀ ဖြင့် ပိဿာ ၃၀ ပါ အိတ် ၅၀၀၊ ပဲကြီး တစ်တင်းလျှင် ကျပ် ၁၂၀၀၀၀–၁၂၅၀၀၀ ဖြင့် ပိဿာ ၃၀ ပါ အိတ် ၁၅၀ ကိုလည်းကောင်း အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

မြေပဲလုံးဆန်ဖြူ တစ်ပိဿာလျှင် ကျပ် ၆၈၅၀–၆၉၀၀ ဖြင့် ပိဿာ ၃၀ ပါ အိတ် ၇၀၀၊ မြေပဲလုံးဆန်နီ တစ်ပိဿာလျှင် ကျပ် ၇၄၀၀– ၇၅၀၀ ဖြင့် ပိဿာ ၃၀ ပါ အိတ် ၁၅၀၊ ဝါသီးနှံ တစ်ပိဿာလျှင် ကျပ် ၃၃၀၀–၃၅၅၀ ဖြင့် ဝါပိဿာချိန် ပိဿာ ၂၀၀၀၀ အရောင်းအဝယ်ဖြစ်ခဲ့သည်။ လက်ရှိအချိန်တွင် ကုန်သည်များသည် လယ်ယာထွက်ကုန်သီးနှံများကို သိုလှောင်ထားရှိသည့်အတွက် အရောင်းအဝယ် ပုံမှန်ဖြစ်လျက်ရှိကြောင်း အောင်လံကုန်စည်ဒိုင်မှ သိရသည်။

**DOCA (မကွေး)**

## ကျောက်ဆည်ခရိုင်အတွင်း ဆောင်းကုလားပဲများ စတင်ထွက်ပေါ်

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်၌ ဆောင်းကုလားပဲ စိုက်ပျိုးမှုအနေဖြင့် ကျောက်ဆည်မြို့နယ်တွင် ၂၈၄၂၆ ဧက၊ စဉ့်ကိုင်မြို့နယ်တွင် ၁၆၃၀၄ ဧက၊ မြစ်သားမြို့နယ်တွင် ၃၃၆၁၂ ဧက စုစုပေါင်း ၇၈၃၄၂ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ဈေးနှုန်းအနေဖြင့် ဆောင်းကုလားပဲ စတင်ထွက်ပေါ်ချိန်တွင် ကုလားပဲရိုးရိုး တစ်တင်းလျှင် ကျပ် ၉၀၀၀၀ ဖြင့်လည်းကောင်း၊ ကုလားပဲ V2 တစ်တင်းလျှင် ကျပ် ၉၈၀၀၀ ဖြင့် လည်းကောင်း အရောင်းအဝယ်ဖြစ်လျက်ရှိပြီး တစ်ဧကလျှင် ကျပ် ၄၃၀၀၀၀ ခန့် အမြတ်ရရှိကြောင်း၊ တစ်ဧကလျှင် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် စုစုပေါင်း ကျပ် ၂၅၀၀၀၀ ကုန်ကျကြောင်း အကျိုးအမြတ်များသောကြောင့် တောင်သူများအနေဖြင့် ကုလားပဲသီးနှံကို ပိုမိုစိုက်ပျိုးကြကြောင်း တောင်သူတစ်ဦးထံမှ သိရသည်။ **DOCA (မန္တလေး)**

## ပြည်ကုန်စည်ဒိုင်၏ ပဲမျိုးစုံဈေးနှုန်းဈေးကွက်

ပဲခူးတိုင်းဒေသကြီး ပြည်ကုန်စည်ဒိုင်၌ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ကုလားပဲ၊ ပဲကြီး၊ ဘိုကိတ်ပဲ စသည့်ပဲမျိုးစုံအရောင်းအဝယ်ဖြစ်လျက်ရှိပြီး ပဲခူးတိုင်းဒေသတွင်း၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့များသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

ပဲမျိုးစုံ ဈေးနှုန်းဈေးကွက်အနေဖြင့် ဇန်နဝါရီလ စတုတ္ထပတ်တွင် မတ်ပဲ တစ်တင်းလျှင် ကျပ် ၉၇၀၀၀ ဖြင့် ရန်ကုန်သို့ တစ်ရက်လျှင် အိတ်ရေ ၃၀၀/ ၂၀၀ ခန့်၊ ပဲတီစိမ်း တစ်တင်းလျှင် ကျပ် ၆၈၀၀၀ – ၆၉၀၀၀ ဖြင့် မန္တလေးသို့ တစ်ရက်လျှင် အိတ်ရေ ၄၀၀ / ၅၀၀ ခန့်၊ ပဲစင်းငုံတစ်တင်းလျှင် ကျပ် ၁၁၆၅၀၀–၁၁၇၀၀၀ ဖြင့် ရန်ကုန်သို့ တစ်ရက်လျှင် အိတ်ရေ ၃၀၀ ခန့် တင်ပို့နိုင်ခဲ့ကြောင်း၊ ကုလားပဲ (HL) တစ်တင်းလျှင် ကျပ် ၁၀၀၀၀၀ – ၁၀၁၀၀၀၊ ကုလားပဲ (မြကြေးမှုံ) တစ်တင်းလျှင် ကျပ် ၁၀၀၀၀၀ ဖြင့် မြို့တွင်းရှိ ပဲခွဲစက်သမားများနှင့် ရန်ကုန်သို့ တစ်ရက်လျှင် အိတ်ရေ ၅၀၀/ ၆၀၀ ခန့်ကိုလည်းကောင်း၊ ပဲကြီး(ကုန်းပဲ) တစ်တင်းလျှင် ကျပ် ၁၂၅၀၀၀၊ ပဲကြီး(ရွှေကျွန်း) တစ်တင်းလျှင် ကျပ် ၁၃၀၀၀၀ ဖြင့် မြို့တွင်းရှိ ပဲကြော်သမားများနှင့် ရန်ကုန်သို့ အိတ်ရေ ၄၀၀ ခန့်ကိုလည်းကောင်း၊ ဘိုကိတ်ပဲ တစ်တင်းလျှင် ကျပ် ၇၅၀၀၀ ဖြင့် မြို့တွင်းနှင့်ရန်ကုန်သို့ အိတ်ရေ ၁၀၀/၁၅၀ ခန့် တင်ပို့၍ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

ပြည်ကုန်စည်ဒိုင်၌ ဇန်နဝါရီလ စတုတ္ထပတ်တွင် ပဲမျိုးစုံ အရောင်းအဝယ်ဖြစ်မှုအနေဖြင့် မတ်ပဲ၊ ပဲစင်းငုံ၊ ကုလားပဲတို့မှာ ဈေးနှုန်းကောင်းမွန်လျက်ရှိပြီး ပဲတီစိမ်း၊ ပဲကြီး၊ ဘိုကိတ်ပဲများမှာ ဈေးအေးလျက်ရှိကြောင်း သိရသည်။

**DOCA (ပဲခူး)**

## ကော့သောင်းကုန်သွယ်ရေးစခန်း၏ကုန်သွယ်မှုအခြေအနေ

ကော့သောင်းကုန်သွယ်ရေးစခန်းသည် ထိုင်းနိုင်ငံသို့ရေထွက်ပစ္စည်းများကို FOB စနစ်ဖြင့် အဓိကတင်ပို့နေသော ပို့ကုန်အသာစီးရသည့် စခန်းတစ်ခုဖြစ်သည်။ အဓိကတင်ပို့နေသော ပစ္စည်းများမှာ ငါးမျိုးစုံ၊ ပုစွန်၊ ရေဘဝဲ၊ ကဏန်း၊ ကင်းမွန်(စို/ခြောက်)၊ ငါးပါကင်တို့ ဖြစ်သည်။

၂၀၂၄ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၃ ရက်အထိ အများဆုံးတင်ပို့နိုင်သည့် ပို့ကုန်ပစ္စည်း ၁၀ မျိုးမှာ စက်ဟောက် ၁၈၉ ဒသမ ၉၆၇ တန်၊ ငါးနီငယ် တန် ၁၇၀ ဒသမ ၆၃၀၊ တူးခက် တန် ၈၂၁ ဒသမ ၃၃၀၊ တာဝမ် တန် ၁၄၈ ဒသမ ၈၉၀၊ ဘောင်းကြေး တန် ၂၈၉ ဒသမ ၂၃၀၊ ငါးမည်းလုံး တန် ၂၂၅ ဒသမ ၂၈၀၊ ငါးပုလွေ တန် ၁၆၃ ဒသမ ၅၄၀၊ ကဗျက် တန် ၁၅၃ ဒသမ ၅၇၀၊ ငါးဗျောသီး တန် ၈၁ ဒသမ ၇၆၀ နှင့် လိုင်းဝါ တန် ၁၃၇ ဒသမ ၈၈၀ တို့ဖြစ်ကြောင်း သိရသည်။

**DOT (ကော့သောင်း)**

## ၅-၂-၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၀၀၀ | | ၆၇၀၀ | ၁၆၀၀၀ | ၆၁၀၀ | ၁၇၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၅၀၀ | ၅၀၀၀ | ၂၇၀၀ | ၅၀၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၆၀၀၀ |
| ၂ | လားရှိုး | ၃၆၀၀ | | ၇၃၀၀ | ၁၇၀၀၀ | ၆၄၀၀ | ၁၇၀၀၀ | ၄၅၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၇၇၀၀ | ၄၀၀၀ | ၃၅၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၉၀၀ | | ၇၀၀၀ | ၁၆၀၀၀ | ၆၂၀၀ | ၁၇၅၀၀ | ၄၀၀၀ | ၁၆၅၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၂၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၃၇၀၀ | ၃၅၀၀ | ၄၈၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၁၇၀၀၀ |
| ၄ | တောင်ကြီး | ၃၃၀၀ | ၃၁၀၀ | ၆၈၀၀ | ၁၆၅၀၀ | ၅၈၀၀ | ၁၉၀၀၀ | ၃၅၀၀ | ၁၃၅၀၀ | ၁၂၀၀၀ | ၆၅၀၀ | ၅၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၉၀၀၀ | ၃၅၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၈၀၀၀ | ၁၅၀၀၀ |
| ၅ | လွိုင်ကော် | | | | | | | | | | | | | | | | | | | | | | |
| ၆ | ဘားအံ | ၃၅၀၀ | | ၅၄၀၀ | ၁၅၀၀၀ | ၅၉၀၀ | ၁၃၀၀၀ | ၂၈၀၀ | ၁၈၀၀၀ | ၁၁၀၀၀ | ၆၈၀၀ | ၆၀၀၀ | ၈၀၀ | ၇၅၀၀ | ၇၀၀၀ | ၃၀၀၀ | ၂၉၀၀ | ၄၂၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၃၅၀၀ | | ၅၃၀၀ | ၁၆၀၀၀ | ၅၅၈၅ | ၁၆၀၀၀ | ၃၅၀၀ | ၂၀၀၀၀ | ၁၃၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၈၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၄၄၀၀ | ၁၀၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၈ | ထားဝယ် | ၃၉၅၀ | | ၆၇၅၀ | ၁၇၀၀၀ | ၆၀၃၀ | ၁၃၅၀၀ | ၂၇၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | | ၅၀၀၀ | ၆၀၀ | ၇၉၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၅၀၀ | ၄၅၀၀ | ၁၁၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၃၈၀၀ | | ၅၈၀၀ | ၁၆၀၀၀ | ၆၁၀၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၇၅၀၀ | ၁၂၀၀၀ | ၈၃၀၀ | ၆၀၀၀ | ၁၀၀၀ | ၈၀၀၀ | ၇၂၀၀ | ၃၂၀၀ | ၃၅၀၀ | ၄၂၀၀ | ၁၃၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | |
| ၁၀ | ရန်ကုန် | ၃၅၀၀ | | ၅၂၀၀ | ၁၆၀၀၀ | ၅၄၇၅ | ၁၈၀၀၀ | ၃၂၀၀ | ၂၂၀၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၈၀၀ | ၇၅၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၈၀၀ | ၄၆၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၃၄၅၀ | | ၅၂၅၀ | ၁၆၀၀၀ | ၅၇၀၀ | ၁၃၀၀၀ | ၂၀၀၀ | ၂၀၀၀၀ | ၁၁၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀ | ၆၅၀၀ | ၆၆၀၀ | ၄၀၀၀ | ၃၂၀၀ | ၄၀၀၀ | ၁၀၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၈၀၀၀ |
| ၁၂ | စစ်တွေ | | | | | | | | | | | | | | | | | | | | | | |
| ၁၃ | ဟားခါး | ၆၅၀၀ | | ၈၀၀၀ | ၁၉၅၀၀ | - | ၄၅၀၀၀ | ၇၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၅၀၀ | | ၆၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၂၀၀၀၀ | | ၂၂၀၀၀ |
| ၁၄ | မုံရွာ | ၄၂၀၀ | ၄၀၀၀ | ၅၈၀၀ | ၁၂၅၀၀ | ၆၁၀၀ | ၁၂၀၀၀ | ၂၅၀၀ | ၁၆၀၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၄၀၀၀ | ၇၀၀ | ၇၀၀၀ | ၇၂၀၀ | ၃၀၀၀ | ၂၈၀၀ | ၄၂၀၀ | ၉၀၀၀ | ၁၇၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၅ | မန္တလေး | ၄၁၀၀ | | ၆၆၀၀ | ၁၄၀၀၀ | ၅၉၇၅ | ၁၃၀၀၀ | ၃၀၀၀ | ၁၇၀၀၀ | ၁၂၀၀၀ | ၆၅၀၀ | ၆၀၀၀ | ၈၀၀ | ၈၈၀၀ | ၆၈၀၀ | ၅၅၀၀ | ၃၀၀၀ | ၄၄၀၀ | ၁၁၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၁၆ | ပခုက္ကူ | ၃၈၀၀ | | ၅၈၀၀ | ၁၃၀၀၀ | ၅၈၀၀ | ၁၇၀၀၀ | ၂၃၀၀ | ၁၆၅၀၀ | ၁၃၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၆၅၀ | ၇၅၀၀ | ၈၅၀၀ | ၂၈၀၀ | ၃၀၀၀ | ၄၅၀၀ | ၁၁၀၀၀ | ၁၈၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၉၅၀၀ |
| ၁၇ | မကွေး | ၃၁၅၀ | | ၆၅၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၁၃၀၀၀ | ၂၂၀၀ | ၁၅၀၀၀ | ၁၂၅၀၀ | ၈၅၀၀ | ၅၀၀၀ | ၇၀၀ | ၆၂၀၀ | ၆၂၀၀ | ၃၂၀၀ | ၃၅၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၂၅၀၀ |
| ၁၈ | ပြည် | ၃၃၀၀ | | ၅၃၀၀ | ၁၄၀၀၀ | ၅၈၅၀ | ၁၈၀၀၀ | ၃၅၀၀ | ၂၀၀၀၀ | ၁၁၀၀၀ | | ၆၅၀၀ | ၆၀၀ | ၇၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၄၀၀ | ၃၈၀၀ | ၁၀၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၉ | ပဲခူး | ၃၃၀၀ | | ၅၂၀၀ | ၁၄၀၀၀ | ၅၇၀၀ | ၁၅၀၀၀ | ၂၆၀၀ | ၁၉၀၀၀ | ၁၁၅၀၀ | ၆၀၀၀ | ၄၅၀၀ | ၄၅၀ | ၇၅၀၀ | ၆၈၀၀ | ၃၇၀၀ | ၂၈၀၀ | ၄၃၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၂၀ | ပျဉ်းမနား | ၃၅၀၀ | | ၆၆၀၀ | ၁၄၅၀၀ | ၅၆၀၀ | ၁၄၀၀၀ | ၂၈၀၀ | ၁၆၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၅၅၀၀ | ၅၀၀ | ၇၅၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၄၀၀ | ၄၄၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၂၁ | နေပြည်တော် | ၃၅၀၀ | | ၆၆၀၀ | ၁၄၅၀၀ | ၅၆၀၀ | ၁၆၀၀၀ | ၃၀၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | ၆၂၀၀ | ၆၀၀၀ | ၅၀၀ | ၇၅၀၀ | ၇၀၀၀ | ၄၂၀၀ | ၃၆၀၀ | ၄၄၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၂၂ | ကလေး | ၃၆၀၀ | ၄၄၀၀ | | ၁၅၀၀၀ | ၇၀၀၀ | ၂၄၀၀၀ | ၃၅၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၉၅၀၀ | ၈၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၄၂၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | | ၁၂၀၀၀ |

သတင်းအရင်းအမြစ် – စီးပွား/ကူးသန်း

ပြည်ထောင်စုနေ့အကြိုဂုဏ်ပြုဆောင်းပါး

# တိုင်းရင်းသားစည်းလုံးညီညွတ်မှု သို့မဟုတ် ပြည်ထောင်စု၏တစ်ခုတည်းသောအဖြေ

မျိုးငြိမ်းဝေယံ

ပြည်ထောင်စုနေ့ရောက်တိုင်း ပြောနေကျစကားတွေထဲမှာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဆိုတဲ့စကားဟာ ထိပ်ဆုံးကပါပါတယ်။ ဒီကနေ့အထိ မြန်မာနိုင်ငံအတွက် အဓိကအလိုအပ်ဆုံးကလည်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပဲ ဖြစ်ပါတယ်။ တိုင်းရင်းသားလူမျိုးတွေ စုစည်းနေထိုင်ကြတဲ့ နိုင်ငံတစ်နိုင်ငံမှာ ကိုယ့်တိုင်းရင်းသားညီအစ်ကိုအချင်းချင်း စည်းလုံးညီညွတ်နေမှ ရေရှည်လက်တွဲ နေထိုင်နိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဟာ လက်ရှိဖြစ်ပွားနေတဲ့ ပဋိပက္ခတွေလျှော့ချဖို့နဲ့ အမျိုးသားရင်ကြားစေ့ရေး၊ ငြိမ်းချမ်းရေး၊ ဖက်ဒရယ်ပြည်ထောင်စုတည်ထောင်ရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွေအတွက် အခြေခံလိုအပ်ချက်လည်းဖြစ်ပါတယ်။

### အရှိတရားကိုလက်ခံ

စည်းလုံးညီညွတ်ရေးရဲ့အခြေခံက မတူကွဲပြားမှုတွေကို ဦးစွာ နားလည်လက်ခံပေးခြင်းဖြစ်ပါတယ်။ မတူကွဲပြားတာတွေကို နားလည်လက်ခံပေးမှ ပေါင်းစည်းနိုင်ပါတယ်။ Our unity is our strength, diversity is our power. ဆိုတဲ့အတိုင်း မတူကွဲပြားမှုဆိုတာ နိုင်ငံရဲ့စွမ်းအားဖြစ်ပါတယ်။ ဒီတော့ တိုင်းရင်းသားတွေရဲ့မတူကွဲပြားမှုတွေကို အပြုသဘောနဲ့ နားလည်လက်ခံပေးမှ စည်းလုံးညီညွတ်ခြင်းရဲ့ခွန်အားကို ရရှိမှာဖြစ်ပါတယ်။ တိုင်းရင်းသားလူမျိုး ၁၃၅ မျိုး စုစည်းနေထိုင်တဲ့နိုင်ငံမှာ မတူကွဲပြားမှုတွေက များပြားပါတယ်။ မြင်သာတဲ့ မတူကွဲပြားမှုတွေ၊ မမြင်သာတဲ့ မတူကွဲပြားမှုတွေ အများကြီးပါပဲ။ တိုင်းရင်းသားလူမျိုး များလို့ မတူကွဲပြားမှုများတာဟာ မဆန်းပါဘူး။ သဘာဝဖြစ်ပါတယ်။ သဘာဝကပေးတဲ့ ဒီမတူကွဲပြားတဲ့ အရှိတရားကို နားလည်ပေးဖို့နဲ့ လက်ခံပေးဖို့က တိုင်းရင်းသားစည်းလုံးညီညွတ်ရေး တည်ဆောက်ရာမှာ အဓိကလိုအပ်ချက်ဖြစ်ပါတယ်။

ဒါပေမယ့် မတူကွဲပြားမှုတွေနဲ့စည်းလုံးညီညွတ်ဖို့ဆိုတာ ထင်သလောက်မလွယ်ပါဘူး။ မတူကွဲပြားမှုတွေနဲ့စည်းလုံးညီညွတ်ခြင်းဟာ တူညီမှုမရှိဘဲ စည်းလုံးညီညွတ်ခြင်းနဲ့ ကွဲထွက်ခြင်းမရှိဘဲ မတူကွဲပြားခြင်း (unity without uniformity and diversity without fragmentation) ဖြစ်တဲ့အတွက် နူးညံ့သိမ်မွေ့တဲ့လုပ်ငန်းစဉ် ဖြစ်ပါတယ်။ မတူကွဲပြားမှုတွေနဲ့ စည်းလုံးညီညွတ်ခြင်းဟာ လူ့အဖွဲ့အစည်းတစ်ခုအတွင်း ယဉ်ကျေးမှု၊ လူမျိုး၊ ဘာသာရေးနဲ့ အခြားမတူကွဲပြားမှုများရှိနေလင့်ကစား ညီညွတ်မှုနဲ့သဟဇာတဖြစ်မှုကို ထိန်းသိမ်းထားနိုင်ပါတယ်။ ဒါမှလည်း နောက်ခံအကြောင်းတွေ မတူညီကြတဲ့သူတွေ အတူယှဉ်တွဲပြီး ငြိမ်းချမ်းစွာ ပေါင်းစည်းနေထိုင်နိုင်မှာဖြစ်ပါတယ်။

### တိုင်းရင်းသားစည်းလုံးညီညွတ်ရေး

မြန်မာနိုင်ငံရဲ့ နိုင်ငံရေးသဘောထားကွဲလွဲတာတွေကို ဖြေရှင်းဖို့နဲ့ ပြည်ထောင်စုနိုင်ငံ တည်ဆောက်ဖို့ ကြိုးစားခဲ့ကြတာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၇၀ ကျော်ကတည်းကပါ။ နိုင်ငံမှာဖြစ်နေတဲ့ ပြဿနာရဲ့ ဇာစ်မြစ်နဲ့ ပြဿနာရဲ့အဖြေကိုလည်း သိထားပြီးဖြစ်ပါတယ်။ ပြဿနာတွေကို ဖြေရှင်းဖို့အတွက် မရှိမဖြစ်လိုအပ်နေတာက တိုင်းရင်းသားစည်းလုံးညီညွတ်မှုပါ။ အချင်းချင်းညီညွတ်မှုမရှိဘဲ ဘာမှဆက်ပြီး လုပ်ကိုင်လို့မရပါဘူး။ ရေရှည်ငြိမ်းချမ်းရေးတည်ဆောက်ဖို့အတွက် တိုင်းရင်းသား စည်းလုံးညီညွတ်မှုလိုအပ်ပါတယ်။ ပြည်ထောင်စုနိုင်ငံ

> **မျိုးဆက်သစ်တွေအနေနဲ့ အတိတ်ကဖြစ်ရပ်တွေကို ပြင်ဆင်လို့မရပေမယ့် ပစ္စုပ္ပန်နဲ့အနာဂတ်အတွက် ပြင်ဆင်နိုင်ခွင့်တွေ ပိုင်ဆိုင်ထားကြပါတယ်။ နိုင်ငံတော်ကို ရေရှည်တည်တံ့ခိုင်မြဲတဲ့ ပြည်ထောင်စုနိုင်ငံတော်ကြီးအဖြစ် တည်ဆောက်ပေးနိုင်တဲ့ အခွင့်အလမ်းတွေ ရှိနေပါတယ်။ အဲဒီအခွင့်အလမ်းတွေကို ပိုင်ပိုင်နိုင်နိုင် အသုံးချနိုင်ဖို့ လိုအပ်မှာက ပြောင်းလဲမှုတွေ ဖြစ်ပါတယ်။ လိုအပ်တဲ့ ပြောင်းလဲမှုများစွာထဲမှာမှ အဓိက ပြောင်းလဲရမှာက မိမိကိုယ်မိမိ ဦးစွာပြောင်းလဲကြဖို့ ဖြစ်ပါတယ်။ လေ့လာသင်ယူမှုတွေဟာ အမူအကျင့်ကို ပြောင်းလဲစေတယ်လို့ ဆိုပါတယ်။ ဒါဆိုရင် မြန်မာနိုင်ငံရဲ့ အတိတ်သမိုင်းက ဖြစ်ရပ်တွေအပေါ်မှာ လေ့လာသင်ခန်းစာမယူကြတဲ့အတွက် အမူအကျင့်တွေ မပြောင်းလဲနိုင်ကြဘဲ ပဋိပက္ခသံသရာကနေ ရုန်းမထွက်နိုင်တာလို့ ကောက်ချက်ချရမလိုဖြစ်နေပါတယ်**

တည်ဆောက်ဖို့ဆို ပိုပြီးလိုအပ်ပါတယ်။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးနဲ့ မြန်မာနိုင်ငံဟာ ခွဲခြားလို့မရပါဘူး။ ဒါကြောင့်လည်း နိုင်ငံသမိုင်းတစ်လျှောက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ခိုင်မာအောင် လုပ်ဆောင်ကြပါတယ်။ အဲဒါနဲ့ဆန့်ကျင်ဘက်ကတော့ စည်းလုံးညီညွတ်မှုပြိုကွဲတိုင်း နိုင်ငံဒုက္ခရောက်ခဲ့ရခြင်းဖြစ်ပါတယ်။

မြန်မာနိုင်ငံလို တိုင်းရင်းသားလူမျိုးများပြားပြီး မတူကွဲပြားမှုတွေရှိနေတဲ့ နိုင်ငံအတွက်က စည်းလုံးညီညွတ်မှုဟာ နိုင်ငံရဲ့အဆင့်တိုင်းအတွက် အရေးကြီးပါတယ်။ စည်းလုံးညီညွတ်မှုရှိမှ ပဋိပက္ခလျှော့ချရေး၊ ငြိမ်းချမ်းရေး၊ ပူးပေါင်းဆောင်ရွက်ရေးနဲ့ နိုင်ငံတည်ဆောက်ရေးတွေကို လက်တွဲလုပ်ဆောင်နိုင်မှာဖြစ်ပါတယ်။ ဒါပေမယ့်လည်း မြန်မာနိုင်ငံမှာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုဟာ ကြီးမားတဲ့ စိန်ခေါ်မှုတစ်ခုလိုဖြစ်နေတာကြာပါပြီ။ စည်းလုံးညီညွတ်ဖို့ အခက်အခဲတွေက ပဋိပက္ခတွေကို မွေးဖွားပေးပြီး နိုင်ငံတည်ငြိမ်ရေး၊ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးတွေကို အကန့်အသတ်ဖြစ်စေပါတယ်။ ကိုယ့်တိုင်းရင်းသားညီအစ်ကိုတွေအကြား ညီညွတ်မှုအားနည်းတဲ့အတွက် ပဋိပက္ခသံသရာက ရုန်းမထွက်နိုင်သေးပါဘူး။ ပြည်တွင်းစည်းလုံးညီညွတ်မှုအားနည်းတာရဲ့ နောက်ထပ်ကြီးမားတဲ့ အန္တရာယ်က ပြည်ပစွက်ဖက်မှု ဖြစ်ပါတယ်။ အချင်းချင်းမညီညွတ်မှုဟာ ဘေးသူစိမ်းတွေအတွက် အခွင့်ကောင်းဖြစ်နေပါတယ်။ အရင်ကလည်း နယ်ချဲ့သိမ်းပိုက်ခံရတာကအစ ဒီလိုဖြစ်စဉ်တွေ ကြုံခဲ့ရပြီးပါပြီ။ ဒီတော့ တိုင်းရင်းသားညီအစ်ကိုတွေအကြား စည်းလုံးခြင်းနဲ့ နိုင်ငံ့ခွန်အားတည်ဆောက်မလား၊ သွေးကွဲခြင်းနဲ့ နိုင်ငံပျက်စီးစေမလား စဉ်းစားကြရမှာပါ။

### မတူကွဲပြားမှုစီမံခန့်ခွဲခြင်း

မြန်မာနိုင်ငံရဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုပြောရင် တိုင်းရင်းသားတွေအကြားက မတူကွဲပြားမှုတွေကို သဟဇာတဖြစ်အောင် ဘယ်လိုစီမံခန့်ခွဲမလဲဆိုတာ အရေးပါတဲ့အခန်းကဏ္ဍ တစ်ရပ်ဖြစ်တာကိုတွေ့ရပါတယ်။ မတူကွဲပြားတာတွေကို စီမံခန့်ခွဲခြင်းဟာ စည်းလုံးညီညွတ်မှု၊ တန်းတူညီမျှမှုနဲ့ လူမှုရေးစည်းလုံးမှုတွေကို မြှင့်တင်ဖို့အတွက် လူ့အဖွဲ့အစည်းအတွင်းမှာရှိတဲ့ မတူကွဲပြားတာတွေအားလုံး ပါဝင်လာစေဖို့ဖြစ်ပါတယ်။ မတူကွဲပြားမှုစီမံခန့်ခွဲခြင်းဟာ လူမျိုး၊ ယဉ်ကျေးမှု၊ ကျား/မ၊ အယူအဆတွေနဲ့ အခြားမတူကွဲပြားတာတွေကို အသိအမှတ်ပြု တန်ဖိုးထားတဲ့အတွက် လူ့အဖွဲ့အစည်းအတွင်းမှာ မတူညီမှုရဲ့စွမ်းအားတွေကို မြှင့်တင်ပေးပြီး သဟဇာတဖြစ်မှုနဲ့ စည်းလုံးညီညွတ်မှုကို ရရှိစေပါတယ်။ နောက်ပြီး မတူကွဲပြားမှုတွေဟာ အကောင်း၊ အဆိုး ဒွန်တွဲနေတဲ့အတွက် မတူကွဲပြားမှုတွေနဲ့ ခွန်အားတွေတည်ဆောက်နိုင်သလို မတူကွဲပြားမှုကိုထိရောက်အောင် စီမံခန့်ခွဲနိုင်မှုမရှိရင် အန္တရာယ်နဲ့စိန်ခေါ်မှုတွေ ဖြစ်စေပါတယ်။ ယေဘုယျအားဖြင့် မတူကွဲပြားမှုတွေဟာ သူ့အလိုလိုပြင်းထန်တဲ့ပဋိပက္ခတွေဖြစ်စေတဲ့ အကြောင်းရင်းတစ်ရပ် မဟုတ်ပါဘူး။ ကမ္ဘာပေါ်မှာ မတူကွဲပြားမှုမရှိတဲ့ နိုင်ငံဆိုတာ မရှိသလောက်ပါ။ နိုင်ငံတိုင်းမှာ မတူကွဲပြားတာတွေ ရှိပေမယ့် နိုင်ငံအများစုမှာ မတူကွဲပြားမှုတွေကြောင့်ဖြစ်ပွားတဲ့ အကြမ်းဖက်ပဋိပက္ခတွေ မရှိကြတာကို တွေ့ရပါတယ်။ ဒီတော့ မတူကွဲပြားတာက ပြဿနာမဟုတ်ဘဲ ပြဿနာဖြစ်စေတာက မတူကွဲပြားတဲ့အုပ်စုတွေအကြား ဆက်ဆံရေးကောင်းမွန်အောင် ဘယ်လိုစီမံခန့်ခွဲသလဲဆိုတာပဲ ဖြစ်ပါတယ်။

မတူကွဲပြားမှုတွေနဲ့ ပေါင်းစည်းဖို့ဆိုရင် ကိုယ်တိုင် ပြုပြင်ပြောင်းလဲလိုက်နာကျင့်ကြံကြရတာတွေရှိပါတယ်။ လူရဲ့သဘောက ယူချင်တဲ့သဘောပဲများပြီး ပေးဆပ်ချင်တဲ့သဘောက နည်းတတ်ကြပါတယ်။ ဒါပေမယ့် အများနဲ့ပေါင်းစည်းကြတဲ့အခါ အပေးအယူမျှတဖို့ လိုပါတယ်။ မျှတမှုရှိမှပေါင်းစည်းနိုင်မှာပါ။ မတူကွဲပြားမှုတွေနဲ့ပေါင်းစည်းဖို့ ပါးစပ်က ဘယ်လောက်ပဲပြောပြော မျှတမှုနဲ့ တန်းတူရည်တူမှုမရှိရင် လတ်တလော ဒါမှမဟုတ် ရေရှည်ပေါင်းစည်းဖို့ မလွယ်ပါဘူး။ မြန်မာနိုင်ငံမှာ ယှဉ်တွဲနေထိုင်နေကြတဲ့ တိုင်းရင်းသားတွေအကြား သဟဇာတဖြစ်မှုနဲ့ စည်းလုံးညီညွတ်မှုရဖို့အတွက် ရှေးဦးမဆွကတည်းက အဓိဋ္ဌာန်ပြုထားပြီးသားပါ။ ကမ္ဘာမကျေ နိုင်ငံတော် သီချင်းထဲမှာ ပါပါတယ်။ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ခွင့်တူညီမျှခြင်းဆိုတာတွေဟာ မတူကွဲပြားမှု စီမံခန့်ခွဲခြင်းရဲ့ အနှစ်သာရတွေဖြစ်ပါတယ်။ ဒီအနှစ်သာရတွေမရှိရင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး တည်ဆောက်ဖို့ခက်ခဲသလို ပဋိပက္ခတွေဖြေရှင်းရေးဟာလည်း ဦးနင်း ပဲ့ထောင်၊ ပဲ့နင်း ဦးထောင်နဲ့ ဖြစ်နေဦးမှာပါ။

### ယုံကြည်မှုအခြေခံ

မြန်မာနိုင်ငံက အကျပ်အတည်းတွေရဲ့ဆုံမှတ်ဟာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဖြစ်တာကို အားလုံးက သိရှိလက်ခံထားကြပြီးဖြစ်ပါတယ်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးရဖို့ ယခင်ကာလတွေကတည်းက ကြိုးပမ်းခဲ့ကြတာ ဒီကနေ့အထိပါပဲ။ ဒါပေမယ့်လည်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဟာ တစ်နေ့ရွှေ တစ်နေ့ငွေနဲ့ ရှန်းကန်နေရဆဲပါ။ ဒါကြောင့် ပဋိပက္ခဖြေရှင်းရေး၊ ငြိမ်းချမ်းရေးနဲ့ ပြည်ထောင်စုတည်ဆောက်ရေးတွေဟာ စိန်ခေါ်မှုတွေကြားမှာ မြင့်လိုက်၊ နိမ့်လိုက် ဖြစ်နေပါတယ်။ အဲဒီစိန်ခေါ်မှုတွေထဲမှာ အကြီးမားဆုံးစိန်ခေါ်မှုက အပြန်အလှန်ယုံကြည်မှုဖြစ်ပါတယ်။ အပြန်အလှန်ယုံကြည်မှုမရှိဘဲ ညီညွတ်ရေးတည်ဆောက်ဖို့နဲ့ အတူလက်တွဲကြဖို့ဆိုတာ မလွယ်ကူပါဘူး။ အပြန်အလှန်ယုံကြည်မှုဟာ လူမှုဆက်ဆံရေးမှာ ကော်လိုပါပဲ။ ယုံကြည်မှုရှိမှ ဆက်ဆံရေးခိုင်မြဲဖို့နဲ့ ရေရှည်ပူးပေါင်းဖို့ဖြစ်မှာပါ။ ဒါ့အပြင် ယုံကြည်မှုတည်ဆောက်ရေးဟာ ငြိမ်းချမ်းရေးဖော်ဆောင်မှု၊ တရားမျှတမှုနဲ့ လုံခြုံရေးစနစ်ဖော်ဆောင်ရာမှာ အဓိကပါဝင်တဲ့ အစိတ်အပိုင်းတစ်ခုဖြစ်သလို ရေရှည်တည်တံ့တဲ့ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်မှုရဖို့အတွက် မရှိမဖြစ်လိုအပ်ချက်ဖြစ်ပါတယ်။

တစ်ဖက်သားရဲ့ ယုံကြည်မှုရဖို့ဆိုတာ ယုံကြည်နိုင်လောက်တဲ့ အကြောင်းတရားတွေရှိမှ ယုံကြည်မှုရပါတယ်။ ဒါကြောင့် အပြန်အလှန်ယုံကြည်မှုတည်ဆောက်ရေးဟာ

စာမျက်နှာ ၁၇ သို့

> **"တိုင်းရင်းသားစည်းလုံးညီညွတ်ရေးရဖို့ ယခင်ကာလတွေကတည်းက ကြိုးပမ်းခဲ့ကြတာ ဒီကနေ့အထိပါပဲ။ ဒါပေမယ့်လည်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဟာ တစ်နေ့ရွှေ တစ်နေ့ငွေနဲ့ ရှန်းကန်နေရဆဲပါ။ ဒါကြောင့် ပဋိပက္ခဖြေရှင်းရေး၊ ငြိမ်းချမ်းရေးနဲ့ ပြည်ထောင်စုတည်ဆောက်ရေးတွေဟာ စိန်ခေါ်မှုတွေကြားမှာ မြင့်လိုက်၊ နိမ့်လိုက် ဖြစ်နေပါတယ်။ အဲဒီစိန်ခေါ်မှုတွေထဲမှာ အကြီးမားဆုံးစိန်ခေါ်မှုက အပြန်အလှန်ယုံကြည်မှု ဖြစ်ပါတယ်။ အပြန်အလှန် ယုံကြည်မှုမရှိဘဲ ညီညွတ်ရေးတည်ဆောက်ဖို့နဲ့ အတူလက်တွဲကြဖို့ဆိုတာ မလွယ်ကူပါဘူး။ အပြန်အလှန် ယုံကြည်မှုဟာ လူမှုဆက်ဆံရေးမှာ ကော်လိုပါပဲ။ ယုံကြည်မှုရှိမှ ဆက်ဆံရေးခိုင်မြဲဖို့နဲ့ ရေရှည်ပူးပေါင်းဖို့ဖြစ်မှာပါ။ ဒါ့အပြင် ယုံကြည်မှုတည်ဆောက်ရေးဟာ ငြိမ်းချမ်းရေးဖော်ဆောင်မှု၊ တရားမျှတမှုနဲ့ လုံခြုံရေးစနစ်ဖော်ဆောင်ရာမှာ အဓိကပါဝင်တဲ့ အစိတ်အပိုင်းတစ်ခုဖြစ်သလို ရေရှည်တည်တံ့တဲ့ ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်မှုရဖို့အတွက် မရှိမဖြစ် လိုအပ်ချက်ဖြစ်ပါတယ်"**



## ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ပန်းတောင်းမြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကြည့်ရှု

**ပန်းတောင်း ဖေဖော်ဝါရီ ၅**
ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ဦးဆောင်သောအဖွဲ့သည် ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဖေဖော်ဝါရီ ၃ ရက်က ကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဆောင်၍ ပန်းတောင်းတပ်နယ်မှူး ဗိုလ်မှူးချုပ် လှိုင်တင့်၊ ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းအောင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်ကျော်မိုး၊ ပန်းတောင်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းလွင်နှင့် မြို့မစခန်းမှူး ဒုတိယရဲမှူးမျိုးမင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သူရနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများက ပန်းတောင်းမြို့ ရွှေညီနောင်ကျေးရွာအုပ်စုရှိ ကုလားပဲ၊ မတ်ပဲနှင့် နေကြာသီးညှပ် ဧက ၈၁၀ စိုက်ခင်းကို ကြည့်ရှုစစ်ဆေး၍ တောင်သူများနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ပန်းတောင်းမြို့နယ် ကျွန်းမီးကျေးရွာအုပ်စုရှိ ဗီယက်နမ်မြေပဲခင်းကိုလည်းကောင်း၊ ဒန့်ဒလွန်ကျေးရွာအုပ်စု ညောင်ဖြူ ကျေးရွာအဝင်လမ်း မြေသားတာပေါင်တင်ခြင်းနှင့် မြေနီကျောက်စရစ်ခင်းလုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**လပြည့်လင်း(ပြန်/ဆက်)**

## ဒေသတွင်း အသားထုတ်လုပ်ကဏ္ဍများမှတစ်ဆင့် ထုတ်ကုန်များ ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရန်ရည်ရွယ်

မော်လမြိုင် ဖေဖော်ဝါရီ ၅

**မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ဖေဖော်ဝါရီ ၃ ရက်က မော်လမြိုင်မြို့ မင်းရွာကျေးရွာ၌ တည်ဆောက်လျက်ရှိသော တိုင်းရင်းသား ယဉ်ကျေးမှုစင်တာသို့ သွားရောက်ကြည့်ရှုသည်။**

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် တည်ဆောက်ရေး လုပ်ငန်း ကုမ္ပဏီမှ တာဝန်ရှိသူများက လေးထပ်မျှော်စင် တည်ဆောက်နေမှု၊ မြေပေါ်ရေစုကန် တည်ဆောင်ပြီးစီးမှု၊ Main Entrance Gate Door Side Entrance Gate Door၊ Security Gate တည်ဆောင်နေမှုတို့ကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က မွန်၊ ဗမာ၊ ပအိုဝ်း၊ ကရင်နှင့် အခြားတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု၊ အနုပညာများကို တစ်နေရာတည်း၌ အများပြည်သူများ ဝင်ရောက်လေ့လာနိုင်စေရန် ရည်ရွယ်၍ တည်ဆောက်ရခြင်းဖြစ်ကြောင်း၊ သတ်မှတ်ဘဏ္ဍာရေးနှစ်အတွင်း အချိန်မီပြီးစီးစေရေးနှင့် စံချိန်စံညွှန်းနှင့် ကိုက်ညီစေရေး အထူးအလေးထား ဆောင်ရွက်ပေးကြရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများရရှိကာ စားရေရိက္ခာဖူလုံပိုလျှံမှုရှိစေရေး၊ အသားထုတ်လုပ်မှုကဏ္ဍတိုးတက်မြင့်မားလာစေရေးနှင့် မွေးမြူရေးလုပ်ငန်းများမှတစ်ဆင့် ထုတ်ကုန်များကို ကုန်ချောထုတ်လုပ်ပြီး ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရန် ရည်ရွယ်၍ ကျိုက်မရောမြို့နယ် ဘိန်းဗျောကျေးရွာအုပ်စု နတ်စမ်းကျေးရွာ ကွင်းအမှတ်(၅၈၅ က/နတ်စမ်းရွာကွင်း) ဦးပိုင်အမှတ် N-(၅၀)၊ ဧက (၄ ဒသမ ၇၅) ရှိ ဝက်မွေးမြူရေးခြံသို့ ရောက်ရှိပြီး ဝက်မွေးမြူရေးအဆောင်အတွင်းရှိ Gestation pen (ဇီးဝက်မထားသည့်အခန်း)တွင် ဝက်မ ၁၈၇ ကောင်၊ ဝက်သိုးခန်းတွင် ဝက်သိုးခုနစ်ကောင် ထားရှိမှု၊ Farrowing pen (သားဖွားခန်း) တွင် ဇီးဝက်မ ၄၁ ကောင် ထားရှိမှု၊ ဝက်မတစ်ကောင်၊ သားပေါက် ၁၆ ကောင် မွေးမြူအောင်မြင်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။



**သက်နိုင်(မော်လမြိုင်)**

## မုဒုံမြို့နယ်၌ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်ပြိုင်ပွဲများကျင်းပ

**မုဒုံ ဖေဖော်ဝါရီ ၅**
မွန်ပြည်နယ် မုဒုံမြို့နယ်၌ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ဟောပြောပွဲ၊ ပုံပြော၊ ကဗျာရွတ်၊ ဆေးရောင်ခြယ်ပြိုင်ပွဲများနှင့် ဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၅ ရက်က လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် မုဒုံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မိုးမိုးစန္ဒာထွန်းက ပြည်ထောင်စုနေ့ဖြစ်ပေါ်လာပုံသမိုင်းကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေးအတွက် သိရှိလိုက်နာရမည့်အချက်များနှင့် ကျောင်းသားကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် စာအုပ်စာစောင်များကို လေ့လာဖတ်ရှုရန်အချက်များကို ရှင်းလင်းပြောကြားသည်။

**အောင်မျိုးသူ (ပြန်/ဆက်)**

*စာမျက်နှာ ၁၆ မှ*

ကာယကံ၊ ဝစီကံ၊ မနောကံနဲ့ ပြည့်စုံမှ အောင်မြင်တဲ့အလုပ်လို့လည်း ပြောနိုင်ပါတယ်။ ယုံကြည်မှုရဖို့ ရိုးသားမှုရှိရပါတယ်။ စိတ်ရင်း စေတနာမှန်ကန်မှု၊ အပြောနဲ့ အလုပ် ကိုက်ညီမှုတွေ လိုပါတယ်။ အပြောသက်သက်နဲ့ ယုံကြည်မှုမရနိုင်သလို စေတနာမမှန်ဘူး၊ မရိုးသားဘူးဆိုရင်လည်း မရနိုင်ပါဘူး။ ယုံကြည်မှုခိုင်မြဲလာတာနဲ့ ဆက်ဆံရေးကောင်းမွန်လာပြီး ပဋိပက္ခတွေလျှော့ချရေးကို ထိရောက်စွာ ပံ့ပိုးပေးနိုင်ပါတယ်။ တစ်ဦးနဲ့တစ်ဦး အပြန်အလှန် ယုံကြည်မှုရှိတာဟာ အပြုသဘောဆောင်ပြီး တိုးတက်မှုရရှိစေပါတယ်။ လူရဲ့သဘောက ယုံကြည်ရင် အသက်တောင်ပေးဖို့ ဝန်မလေးတတ်ပါဘူး။

### လေ့လာသင်ယူမှု

မြန်မာနိုင်ငံရဲ့နိုင်ငံရေးပဋိပက္ခတွေကို ချဉ်းကပ်ဖြေရှင်းရာမှာ အဓိကအားနည်းချက်အဖြစ် တွေ့ရတာက တစ်ဖက်စွန်းသဘောထားတွေနဲ့ လက်နက်ကိုင်ဖြေရှင်းတဲ့လမ်းစဉ်ကို ဖက်တွယ်ထားခြင်းပါပဲ။ အဲဒါတွေက ပြဿနာပြေလည်ရေးထက် သဘောထားကွဲလွဲမှုတွေကို နက်ရှိုင်းကျယ်ပြန့်စေပါတယ်။ လွတ်လပ်ရေးရပြီး နှစ်ပေါင်း ၇၀ ကျော်အတွင်းမှာ ပြဿနာတွေကို ဘယ်လိုဖြေရှင်းခဲ့ကြသလဲဆိုတာ သိရှိခံစားခဲ့ကြရပြီးဖြစ်ပါတယ်။ လက်နက်ကိုင်တိုက်ခိုက်ခဲ့တဲ့ ဖြစ်စဉ်တွေနဲ့ အကျိုးဆက်တွေကို ရလဒ်အခြေပြုသုံးသပ်မယ်ဆိုရင် ကောင်းကျိုးထက် ဆိုးကျိုးတွေ ပိုများခဲ့ပါတယ်။ တစ်ဖက်မှာလည်း လက်နက်ကိုင်ဖြေရှင်းရတဲ့ အကြောင်းပြချက်တွေ ရှိကောင်းရှိကြပါလိမ့်မယ်။ လက်နက်ကိုင်ဖြေရှင်းတဲ့ နည်းလမ်းဟာ နိုင်ငံရေးပြဿနာဖြေရှင်းဖို့ အခြားရွေးချယ်စရာနည်းလမ်း မရှိတဲ့အဆုံး သုံးရတဲ့ နည်းလမ်းဖြစ်ပါတယ်။ ဒါပေမယ့် သေချာတာကတော့ လက်နက်ကိုင်ဖြေရှင်းတဲ့အတွက် ဖြစ်လာတဲ့ ရလဒ်တွေဟာ နိုင်ငံ့အပေါ်၊ ပြည်သူ့အပေါ်ကို ဘယ်လိုမှအကျိုးမဖြစ်စေဘဲ ဆုတ်ယုတ်စေခဲ့ပါတယ်။ ဒီသမိုင်းဖြစ်ရပ်တွေဟာ ဘယ်သူမှငြင်းလို့မရတဲ့ အမှန်တရားတွေပါ။ ဒါကြောင့် နိုင်ငံရေးနဲ့ လက်နက်ကိုင်ပဋိပက္ခတွေဖြစ်ပွားရတဲ့ သဘောသဘာဝတွေကို ပိုမိုနားလည်အောင်ကြိုးပမ်းသင့်ပါတယ်။ ဒါမှ ပြဿနာဖြေရှင်းရေးကို အထောက်အကူဖြစ်စေမှာပါ။

အဲဒီလိုမဟုတ်ဘဲ ပြည်ထောင်စုသားအချင်းချင်းကြား သဘောထားကွဲလွဲတိုင်း လက်နက်ကိုင်တိုက်ခိုက်နေကြရင် ပဋိပက္ခတွေဟာ အတောမသတ်နိုင်ဘဲ ရှိနေပါလိမ့်မယ်။ ဒီတော့ ပြဿနာပြေလည်ရေး အထောက်အကူမဖြစ်တဲ့ သဘောထား၊ အပြုအမူနဲ့ နည်းလမ်းတွေကို ပြောင်းလဲကြဖို့လိုပါတယ်။ ဒါကို မျိုးဆက်သစ်တို့ သင်ခန်းစာယူကြရမှာပါ။ မျိုးဆက်သစ်တွေအနေနဲ့ အတိတ်ကဖြစ်ရပ်တွေကို ပြင်ဆင်လို့မရပေမယ့် ပစ္စုပ္ပန်နဲ့ အနာဂတ်အတွက် ပြင်ဆင်နိုင်ခွင့်တွေ ပိုင်ဆိုင်ထားကြပါတယ်။ နိုင်ငံတော်ကို ရေရှည်တည်တံ့ခိုင်မြဲတဲ့ ပြည်ထောင်စုနိုင်ငံတော်ကြီးအဖြစ် တည်ဆောက်ပေးနိုင်တဲ့ အခွင့်အလမ်းတွေ ရှိနေပါတယ်။ အဲဒီ အခွင့်အလမ်းတွေကို ပိုင်ပိုင်နိုင်နိုင် အသုံးချနိုင်ဖို့ လိုအပ်မှာက ပြောင်းလဲမှုတွေ ဖြစ်ပါတယ်။ လိုအပ်တဲ့ပြောင်းလဲမှုများစွာထဲမှာမှ အဓိက ပြောင်းလဲရမှာက မိမိကိုယ်မိမိ ဦးစွာပြောင်းလဲကြဖို့ ဖြစ်ပါတယ်။ လေ့လာသင်ယူမှုတွေဟာ အမူအကျင့်ကိုပြောင်းလဲစေတယ်လို့ ဆိုပါတယ်။ ဒါဆိုရင် မြန်မာနိုင်ငံရဲ့ အတိတ်သမိုင်းက ဖြစ်ရပ်တွေအပေါ်မှာ လေ့လာသင်ခန်းစာမယူကြတဲ့အတွက် အမူအကျင့်တွေ မပြောင်းလဲနိုင်ကြဘဲ ပဋိပက္ခသံသရာကနေ ရုန်းမထွက်နိုင်တာလို့ ကောက်ချက်ချရမလိုဖြစ်နေပါတယ်။

### တစ်ခုတည်းသောနည်းလမ်း

အထက်မှာဆိုခဲ့သလို မြန်မာနိုင်ငံမှာဖြစ်ပွားနေတဲ့ ပဋိပက္ခတွေရဲ့ တစ်ခုတည်းသောအဖြေက စည်းလုံးညီညွတ်ရေးပါပဲ။ ညီညီညွတ်ညွတ်နဲ့ ဖြေရှင်းနည်းကသာ နိုင်ငံရဲ့ပဋိပက္ခတွေကို အထိရောက်ဆုံးနဲ့ ပေးဆပ်မှုအနည်းဆုံး ဖြေရှင်းနိုင်တဲ့ နည်းလမ်းဖြစ်မှာပါ။ ညီညီညွတ်ညွတ်နဲ့မဖြေရှင်းဘဲ အချင်းချင်း လက်နက်ကိုင် တိုက်ခိုက်နေကြရင် ပေးဆပ်မှုတွေ၊ ဆုံးရှုံးမှုတွေအပြင် သူများတွေထက် နောက်ကျကျန်နေဦးမှာပါ။ အဲဒီအကျိုးဆက်တွေဟာ ပြည်ထောင်စုနိုင်ငံတည်ဆောက်ရေးဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဆန့်ကျင်နေပါတယ်။ ဒီတော့ ပြဿနာတစ်ရပ်ကို ချဉ်းကပ်ဖြေရှင်းတဲ့ ကိုယ့်ရဲ့ သဘောထား၊ ရည်ရွယ်ချက်၊ လုပ်ဆောင်တဲ့ နည်းလမ်းနဲ့ ထွက်လာတဲ့ရလဒ်တွေဟာ ပြဿနာဖြေရှင်းဖို့ မှန်ကန်ကိုက်ညီရဲ့လားဆိုတာ ပြန်လည်သုံးသပ်ဖို့လိုနေပါပြီ။

သချ်ာတစ်ပုဒ်တွက်သလို ဘယ်လိုနည်းနဲ့ပဲ တွက်တွက် အဖြေရဖို့ကအဓိကလို့ ဆိုလို့မရပါဘူး။ တတိယအင်အားစုဖြစ်တဲ့ ပြည်သူလူထုအတွက် ဦးစားပေး စဉ်းစားကြဖို့လိုပါတယ်။ ဒါကြောင့် ပေးဆပ်မှု၊ ဆုံးရှုံးမှုနဲ့ ဘေးထွက်ဆိုးကျိုး အနည်းဆုံးဖြစ်တဲ့နည်းလမ်းက ပြည်ထောင်စုသားအချင်းချင်း ညီညီညွတ်ညွတ်နဲ့ ဖြေရှင်းခြင်းပဲဖြစ်ပါတယ်။ စည်းလုံးညီညွတ်မှုနဲ့သာ အပြုသဘောဖြေရှင်းနိုင်ပါလိမ့်မယ်။ ။

# ဆန်ဈေးတည်ငြိမ်ရန်အတွက် လှောင်လက်များလက်ထဲမှ ဆန်၊ စပါးလက်ကျန်များ ဈေးကွက်ထဲရောက်ရှိစေရန် စီစဉ်ဆောင်ရွက်နေ

**ရန်ကုန် ဖေဖော်ဝါရီ ၅**

ယခုနှစ်တွင် ဆန်နှင့် စပါးလက်ကျန်ပမာဏ ယခင်နှစ်ကထက်ပိုမို ကျန်ရှိသော်လည်း အမြင့်ဈေးကြောင့် ထုတ်မရောင်းခြင်းများကို တွေ့ရပြီး ဆန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် လှောင်လက်များလက်ထဲမှ ဆန်၊ စပါး လက်ကျန်များ ဈေးကွက်ထဲရောက်ရှိလာနိုင်စေရန် စီစဉ်ဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ပြောကြားသည်။

"မနှစ်ကနဲ့ နှိုင်းယှဉ်မယ်ဆိုရင် ဆန်လက်ကျန်ရော၊ စပါးလက်ကျန်ရော တော်တော်များများ ရှိပါတယ်။ ဒါပေမယ့် ဒီအချိန်မှာဈေးကောင်းရတယ်ဆိုတဲ့အခါ တချို့တောင်သူလယ်သမားတွေက သိပ်ပြီး ထုတ်မရောင်းတာ တွေ့ရပါတယ်။ လှောင်လက်တွေ လက်ထဲမှာလည်း စပါးလက်ကျန်၊ ဆန်လက်ကျန်ရှိပါတယ်။ လှောင်လက်တွေ လက်ထဲက စပါးလက်ကျန်၊ ဆန်လက်ကျန် ဈေးကွက်ထဲကို ထွက်လာအောင် လုပ်ဖို့အတွက်လည်း အစီအစဉ်တွေလည်း ရှိပါတယ်"ဟု ၎င်းက ဆိုသည်။

နိုဝင်ဘာလ ၄ ရက်မှ စတင်ပြီး ဇန်နဝါရီလကုန်အထိ သိုလှောင်ရုံ အလုံးပေါင်း ၃၀၀ ခန့် မှတ်ပုံတင်သည့် အနေအထားရှိပြီး သိုလှောင်ရုံ မှတ်ပုံတင်သည့် လုပ်ငန်းစဉ်၌ ပါဝင်လာအောင် ဆောင်ရွက်ခြင်းအားဖြင့် ပြည်တွင်း၌ ဆန်၊ စပါး လက်ကျန်ပမာဏ မည်မျှရှိသည်နှင့် ကုန်ရ၊ ကုန်ထုတ်၊ ကုန်လက်ကျန်အခြေအနေကို ပို၍ သေသေချာချာ စဉ်းစား သုံးသပ်နိုင်မည့် အနေအထားဖြစ်ကြောင်းလည်း ဦးရဲမင်းအောင်က ဆိုသည်။

"နိုဝင်ဘာလ ၄ ရက်ကနေစတင်ပြီး ဇန်နဝါရီလကုန်အထိ သိုလှောင်ရုံ အလုံးပေါင်း ၃၀၀ လောက် မှတ်ပုံတင်တဲ့အနေအထား ရှိပါတယ်။ ပြည်နယ်နဲ့ တိုင်းဒေသကြီး အားလုံးနီးပါး မှတ်ပုံတင်တဲ့ အစီအစဉ်ဖြစ်ပါတယ်။ သိုလှောင်ရုံအလုံး ၃၀၀ ဆိုတော့ ပမာဏ တော်တော်များပါတယ်။ ကျန်တဲ့သိုလှောင်ရုံတွေလည်း ထပ်ပြီးတော့ မှတ်ပုံတင်တဲ့အစီအစဉ်မှာ ပါဝင်လာအောင် ဆောင်ရွက်ခြင်းအားဖြင့် ပြည်တွင်းမှာ ဆန်လက်ကျန်ဘယ်လောက်ရှိတယ်။ စပါးလက်ကျန် ဘယ်လောက်ရှိတယ်ဆိုတဲ့ ကုန်ရ၊ ကုန်ထုတ်၊ ကုန်လက်ကျန် အခြေအနေကို ပိုပြီးတော့ စဉ်းစားသုံးသပ်နိုင်မယ့် အနေအထား ဖြစ်တယ်ဆိုတဲ့ အခြေအနေကို သုံးသပ်နိုင်မှာဖြစ်တယ်"ဟု ၎င်းက ပြောသည်။

လက်ရှိဆန်ဈေးနှုန်းမြင့်တက်မှုအပေါ် ထိန်းညှိဆောင်ရွက်ရန် အတွက် ပို့ကုန်ဆန်ပြည်ပတင်ပို့မှုကိုလည်း ဆန်ကွဲနှင့် ပေါင်းဆန်ကို ဦးစားပေးပြီး ဆန်ဖြူဆိုပါက အကန့်အသတ်ဖြင့် ၅မှတ်ဆန်ကိုသာ တင်ပို့မည့် လုပ်ငန်းစဉ်ကို ဖေဖော်ဝါရီလနှင့် မတ်လတွင် စတင် ဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာနကို တင်ပြ၍ အတည်ပြုချက်ရယူ ဆောင်ရွက်သွားမည် ဖြစ်ကြောင်းလည်း သိရသည်။

**MT**



# ဘားအံမြို့နယ် အင်းလင်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီး

**ဘားအံ ဖေဖော်ဝါရီ ၅**

ကရင်ပြည်နယ် ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိစေရန် ရည်ရွယ်၍ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရ ရန်ပုံငွေဖြင့် ကော့ကဒါကျေးရွာအုပ်စု၊ အင်းလင်းကျေးရွာ၌ ရေရရှိရေး လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို တာဝန်ရှိသူများက ဖေဖော်ဝါရီ ၄ ရက်တွင် ကွင်းဆင်းစစ်ဆေးသည်။

ဘားအံခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးဝင်းဇော်၊ မြို့နယ်ဦးစီးမှူး ဦးသူရလွင်နှင့် အင်ဂျင်နီယာဝန်ထမ်းများက သောက်သုံးရေရရှိရေး ကော်မတီဝင်များနှင့်အတူ အင်းလင်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီးသည့်လုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

အင်းလင်းကျေးရွာ၌ ရေရရှိရေးအတွက် အကျယ် လေးလက်မ၊ အနက်ပေ ၂၀၀ ရှိ စက်ရေတွင်း တူးဖော်ခြင်း၊ အလျား ငါးပေ၊ အနံ ငါးပေ၊ အမြင့် ခုနစ်ပေရှိ ရေစက်ရုံ တည်ဆောက်ခြင်းနှင့် ဂါလန် ၂၄၀၀ ဆံ့ ရေစင်တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရရန်ပုံငွေကျပ် ၂၀ ဒသမ ၂၆၄ သန်းဖြင့် ၂၀၂၃ ခုနှစ် မေလကုန်ပိုင်းက စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးသဖြင့် ကျေးရွာနေပြည်သူများ ရာသီမရွေး သောက်သုံးရေဖူလုံစွာ ရရှိနေပြီဖြစ်ကြောင်း သိရသည်။

ဆက်လူ

# ညောင်ရွှေမြို့၌ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအတွက် အင်းလေးကန်ဖြတ် စုပေါင်းစက်ဘီးစီးနင်းပွဲ ပြုလုပ်



**ညောင်ရွှေ ဖေဖော်ဝါရီ ၅**

ရှမ်းပြည်နယ် အင်းလေးဒေသ ခရီးသွားလုပ်ငန်း မြှင့်တင်ရေး အစီအစဉ်အဖြစ် ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ ညွှန်ကြားချက်ဖြင့် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာနနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်း ဆောင်ရွက်သည့် ပဋ္ဌမအကြိမ်မြောက် အင်းလေးကန်ဖြတ် စုပေါင်း စက်ဘီးစီးနင်းပွဲကို ဖေဖော်ဝါရီ ၅ ရက်က ရှမ်းပြည်နယ် ညောင်ရွှေမြို့ လွတ်လပ်ရေး ကျောက်တိုင်ကွင်းစုရပ်၌ ပြုလုပ်ခဲ့သည်။

စက်ဘီးစီးပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က အမှာစကားပြောကြားပြီး ၃၀ ကီလိုမီတာနှင့် ၁၅ ကီလိုမီတာ စက်ဘီးစီးနင်းပွဲ နှစ်မျိုးအတွက် သေနတ်ပစ်ဖောက်၍ တာလွှတ်ပေးသည်။ စုပေါင်းစက်ဘီးစီးနင်းပွဲအပြီးတွင် ပန်းဝင်သည်အထိ စီးနင်းခဲ့ကြသူများအား ကံစမ်းမဲဖွင့်ဖောက်၍ အမှတ်တရ လက်ဆောင်ဆုများ ပေးအပ်ချီးမြှင့်ပွဲကို ဆက်လက်ပြုလုပ်ကာ တာဝန်ရှိသူများက ဆုရရှိကြသူများအား အမှတ်တရ ဆုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။ အဆိုပါ စုပေါင်းစက်ဘီးစီးနင်းပွဲတွင် စက်ဘီးစီး အားကစားသမား စုစုပေါင်း ၂၈၀ ဦးခန့် ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။ **မောင်မောင်**

# မြဝတီမြို့၌ ရှမ်းအမျိုးသားနေ့အကြိုအထိမ်းအမှတ် ကျောင်းပညာရေး စုံညီပွဲတော်ကျင်းပ

**မြဝတီ ဖေဖော်ဝါရီ ၅**

ကရင်ပြည်နယ် မြဝတီမြို့ ရွှေလဝန်းကိုယ်ပိုင်အထက်တန်းကျောင်း၌ (၇၇) နှစ်မြောက် ရှမ်းအမျိုးသားနေ့ အကြိုအထိမ်းအမှတ်အဖြစ် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ပညာရေးစုံညီပွဲတော်နှင့် ထူးချွန်ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၃ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ပညာရေးမှူး ဦးသန်းဆွေဦးက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးမြင့်ဦးက နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးသော လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်သည့် ကျောင်းသား ကျောင်းသူများ ဘက်စုံပညာထူးချွန်နေစေရန် မိဘ၊ ဆရာ ပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်းနှင့် စုံညီပွဲတော်ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ဆုချီးမြှင့်ပွဲကိုကျင်းပရာ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် အတန်းလိုက် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ခရိုင်ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူး၊ ရွှေလဝန်းကိုယ်ပိုင် အထက်တန်းကျောင်း တည်ထောင်သူဒေါ်အေးအေးဝင်းနှင့် ဖိတ်ကြားထားသော ကျောင်းအုပ်ကြီးများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ဇာဖြူဝင်း (ပြန်/ဆက်)



# အင်းစိန်မြို့နယ်မှ ကျောင်းများ၌ ရှေးဦးပြုစုခြင်း(အခြေခံ) သင်တန်းများ ဖွင့်လှစ်

**ရန်ကုန် ဖေဖော်ဝါရီ ၅**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ ကျောင်းသား ကျောင်းသူများ ကျန်းမာရေး အတွက် အထောက်အကူပြုနိုင်စေရန် ရည်ရွယ်၍ ရှေးဦးပြုစုခြင်း (အခြေခံ) သင်တန်းများကို ဇန်နဝါရီလမှစတင်၍ ဖွင့်လှစ်ပို့ချပေးလျက်ရှိကြောင်း သိရသည်။

သင်တန်းကို ဇန်နဝါရီ ၂၆ ရက်မှ ၂၈ ရက်အထိ အင်းစိန်မြို့နယ် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း၌လည်းကောင်း၊ ဖေဖော်ဝါရီ ၂ ရက်မှ ၄ ရက်အထိ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း၌ လည်းကောင်း ဖွင့်လှစ်ခြင်းဖြစ်ကာ သင်တန်းများတွင် အင်းစိန်မြို့နယ် ကြက်ခြေနီအသင်းခွဲမှ ဥက္ကဋ္ဌ ဦးစည်သူဇော်၊ တပ်ဖွဲ့မှူး ဦးနီထွန်းနှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူ ၂၂၂ ဦးတို့အား ရှေးဦးပြုစုခြင်းဆိုင်ရာ သင်ခန်းစာများကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချခဲ့သည်။



အင်းစိန်မြို့နယ် ကြက်ခြေနီအသင်းခွဲ အနေဖြင့် မြို့နယ်အတွင်းရှိ အကူအညီလိုအပ်နေသော ပြည်သူများထံသို့ ကျန်းမာရေး စောင့်ရှောက်မှုများ သွားရောက်ဆောင်ရွက်ပေးနိုင်ရန်အတွက် လူနာတင်ယာဉ်သုံးစီးဖြင့် အိမ်အရောက် ကျန်းမာရေးစောင့်ရှောက်မှုများကို ၂၄ နာရီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ဖွဲ့ထက်ကို (ပြန်/ဆက်)**

# သရက်မြို့၌ ပုံမှန်ကာကွယ်ဆေး ထိုးနှံပေး

**သရက် ဖေဖော်ဝါရီ ၅**

မကွေးတိုင်းဒေသကြီး သရက်မြို့၌ မွေးကင်းစမှ အသက် တစ်နှစ်ခွဲအထိ ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံပေးခြင်းကို ဖေဖော်ဝါရီ ၅ ရက်က ပြည်တော်အေးရပ်ကွက် ဆင်ဖြူတော်ဘုရားကြီး ဓမ္မာရုံ၌ ဆောင်ရွက်ပြီး မြို့ပေါ်ရပ်ကွက် ရှစ်ခုမှ မွေးကင်းစမှ အသက်တစ်နှစ်ခွဲအထိ ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိသည်။

ပုံမှန်ကာကွယ်ဆေး ထိုးနှံပေးရာတွင် ဘီစီဂျီ၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှော၊ ပိုလီယို၊ ပြင်းထန်အဆုတ်ရောင်၊ ဆုံဆို့၊ ကြက်ညှာ၊ အသည်းရောင်အသားဝါ၊ ဦးနှောက်အမြှေးရောင်၊ ဂျပန်ဦးနှောက်ရောင်၊ဝက်သက်၊ ဂျိုက်သိုးနှင့် ငါးမျိုးစပ်ကာကွယ်ဆေးများကို အသက် နှစ်လ၊ လေးလ၊ ခြောက်လ၊ ကိုးလနှင့် တစ်နှစ်ခွဲစသည့် အသက်အရွယ် အလိုက် ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။ **ဇော်ထက် (သရက်)**

# PDF အမည်ခံအကြမ်းဖက်သမားများက မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် သရက်ကန်တောင်ကျေးရွာရှိ မဟာဒက္ခိဏာရာမကျောင်းတိုက်မှ ကျောင်းထိုင်ဆရာတော်နှင့် ကပ္ပိယတို့ကို ရက်ရက်စက်စက်လုပ်ကြံသတ်ဖြတ်



မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် သရက်ကန်တောင်ကျေးရွာရှိ မဟာဒက္ခိဏာရာမကျောင်းတိုက်မှ ကျောင်းထိုင်ဆရာတော်နှင့် ကပ္ပိယတို့အား PDF အမည်ခံအကြမ်းဖက်သမားများက လုပ်ကြံသတ်ဖြတ်ခဲ့သည့် ဖြစ်စဉ်နေရာပြပုံ

**နေပြည်တော် ဖေဖော်ဝါရီ ၅**

အကြမ်းဖက်အဖွဲ့အစည်းများအဖြစ် ထုတ်ပြန်ကြေညာထားသည့် NUG၊ CRPH နှင့် ၎င်းတို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများ၏ ရက်ရက်စက်စက် သတ်ဖြတ်မှုကြောင့် မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် သရက်ကန်တောင်ကျေးရွာရှိ ဆရာတော်တစ်ပါး ပျံလွန်တော်မူခဲ့ပြီး ကပ္ပိယတစ်ဦးတို့ သေဆုံးခဲ့ကြောင်း သိရသည်။

**အကြောင်းမဲ့ပစ်ခတ်သတ်ဖြတ်**

ဖြစ်စဉ်မှာ ယနေ့နံနက် ၆ နာရီခွဲခန့်တွင် မလှိုင်မြို့နယ် သရက်ကန်တောင်ကျေးရွာ မဟာဒက္ခိဏာရာမကျောင်းတိုက်၌ သီတင်းသုံးနေထိုင်လျက်ရှိသည့် ကျောင်းထိုင်ဆရာတော် ဦးဝိသုဒ္ဓ (၃၃)နှစ်၊ ဝါတော် (၁၄) ဝါနှင့် ကပ္ပိယဖြစ်သူ ဦးစန်းမောင်တို့ နှစ်ဦးအား PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် အကြောင်းမဲ့ လာရောက် ပစ်ခတ်သတ်ဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**အမြန်ဆုံးဖမ်းဆီးရမိရေး**

အထက်ပါဖြစ်စဉ်တွင် ဆရာတော်နှင့် ကပ္ပိယဖြစ်သူတို့ကို ရက်ရက်စက်စက် လုပ်ကြံသတ်ဖြတ်ခဲ့သည့် PDF အမည်ခံအကြမ်းဖက်သမားများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက အမြန်ဆုံးဖမ်းဆီးရမိရေး လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အကြမ်းဖက်သမားများအနေဖြင့် မြန်မာနိုင်ငံသားအများစု ကိုးကွယ်ရာဖြစ်သော ဗုဒ္ဓဘာသာရဟန်းသံဃာများကို ယခုကဲ့သို့ သတ်ဖြတ်နေမှုများကို ပြည်သူတစ်ရပ်လုံးက ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





# ဒီးမော့ဆိုမြို့နှင့် ဆီဆိုင်မြို့ လေကြောင်းအသုံးပြု၍ တပ်မတော်မှ ပစ်ခတ်ခဲ့မှုကြောင့် ထိခိုက်သေဆုံးမှုနှင့် ဘာသာရေးဆိုင်ရာ အဆောက်အဦတစ်ခုထိခိုက်ပျက်စီးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို လူမှုကွန်ရက်တွင် မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၅**

ဒီးမော့ဆိုမြို့တွင် ဖေဖော်ဝါရီ ၅ ရက် နံနက် ၁၀ နာရီခန့်တွင် တပ်မတော်မှ လေကြောင်းအသုံးပြု ပစ်ခတ်ခဲ့မှုကြောင့် ကလေးငယ်အချို့ သေဆုံးထိခိုက်ဒဏ်ရာရရှိမှုရှိခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာ DVB က လူမှုကွန်ရက်ပေါ်တွင် လုပ်ကြံရေးသားဝါဒဖြန့်နေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းများနှင့် ပတ်သက်၍ သက်ဆိုင်ရာနယ်မြေမှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်များအရ တပ်မတော်မှ ဒီးမော့ဆိုမြို့နယ်အတွင်းသို့ လေကြောင်းပျံသန်းမှု မရှိကြောင်း သိရှိရသည်။

အလားတူ ဆီဆိုင်မြို့တွင် ဖေဖော်ဝါရီ ၂ ရက်က လက်နက်ကြီးများ၊ လေယာဉ်များဖြင့် ပစ်ခတ်မှုများကြောင့် ဇဝနာရာမပရိယတ္တိစာသင်တိုက် အဆောက်အဦအချို့ ပျက်စီးခဲ့ရကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာ Khit Thit က လူမှုကွန်ရက်ပေါ်တွင် လုပ်ကြံရေးသားဝါဒဖြန့်နေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်များ လုံခြုံရေးဆောင်ရွက်နေသည့်နေရာများသို့ အဝေးမှ လက်နက်ကြီးများ၊ Drone အသုံးပြု၍ Dropဗုံးများကြဲချတိုက်ခိုက်ခြင်းများကြောင့် လက်နက်ကြီးဗုံးသီးများနှင့် Drop ဗုံးများ ဇဝနာရာမပရိယတ္တိ စာသင်တိုက်ကြီး အဆောက်အဦအချို့ကို ထိမှန်ခဲ့၍ ထိခိုက်ပျက်စီးခဲ့ရကြောင်း သက်ဆိုင်ရာနယ်မြေမှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများ၏ နိုင်ငံအား အလုံးစုံပျက်သုဉ်းရေးအတွက် သတင်းတု၊ သတင်းမှားများကို ကြိမ်ဖန်များစွာ လုပ်ကြံရေးသားပြီး ပြည်သူများကို သတင်းအဆိပ်ခတ် ဖြန့်ဝေလျက်ရှိရာ ၎င်းတို့၏ လုပ်ကြံသတင်းအမှားများအပေါ် ပြည်သူများ အထင်အမြင်လွဲမှားမှုမရှိစေရန်အတွက် နိုင်ငံပိုင်သတင်းဌာနများနှင့် သတင်းစာများတွင် သတင်းအမှန်များကို အချိန်နှင့်တစ်ပြေးညီ ပြန်လည်ထုတ်လွှင့်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



သာပေါင်းမြို့နယ်တွင် မြို့နယ်မီးသတ်ဦးစီးဌာနက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဖေဖော်ဝါရီ ၄ ရက်က သီရိရွှေသာဈေး၌ အသိပညာပေးဟောပြောပြီး လက်တွေ့သရုပ်ပြ မီးငြိမ်းသတ်စဉ်။ မျိုးဇော်သိန်း (ပြန်/ဆက်)



ပေါင်မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးမြတ်ကိုကိုနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဖေဖော်ဝါရီ ၄ ရက်က မီးဘေးလုံခြုံရေး အသိပညာပေး နှိုးဆော်ခြင်းများကို မြို့နယ်အတွင်းရှိ ရပ်ကွက်များ၌ ဆောင်ရွက်စဉ်။ မွန်မလေး (ပြန်/ဆက်)



ချောက်မြို့ မြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းကို ဖေဖော်ဝါရီ ၃ ရက်က မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးသိန်းဇော်ဝင်းနှင့် တပ်ဖွဲ့ဝင်များ ဆောင်ရွက်ရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဋ္ဌေးကျော်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

ကျော်မိုး(ပြန်/ဆက်)


မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော် |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်းသတင်းထောက်များ | - | ဇော်ပိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၀၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၅ - ၂ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၅၅၅ ကျပ် | ၂၆၀၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၆၀၀ ကျပ် | ၂၆၄၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၇၆၅ ကျပ် | ၂၈၁၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၈၉၀ ကျပ် | ၂၉၄၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၇၀၀ | ၈၆၀၀ | ၉၃၉ | ၈၀၇၆၅၀၀ |
| MTSH | ၂၉၀၀ | ၂၉၀၀ | ၁၅၂၆ | ၄၃၇၅၄၀၀ |
| MCB | ၇၉၀၀ | ၇၉၀၀ | ၁၀ | ၇၉၀၀၀ |
| FPB | ၁၅၅၀ | ၁၅၅၀ | ၁၇ | ၂၆၃၅၀ |
| TMH | ၂၅၀၀ | ၂၅၀၀ | ၁၀ | ၂၅၀၀၀ |
| EFR | ၁၉၀၀ | ၁၉၀၀ | ၁၃ | ၂၄၇၀၀ |
| AHPC | ၄၇၀၀ | ၄၇၀၀ | ၂၈ | ၁၃၁၆၀၀ |
| MAEPC | ၁၇၅၀ | ၁၇၅၀ | ၅၄၉ | ၉၆၀၇၅၀ |

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဇိနယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





[illegible]

## ၅-၂-၂၀၂၄ ရက်နေ့အထိ မာရဇိနယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့်အလှူရှင်များစာရင်း

| စဉ် | နေရပ်နှင့် အမည် | အလှူငွေ (ကျပ်) | စဉ် | နေရပ်နှင့် အမည် | အလှူငွေ (ကျပ်) | စဉ် | နေရပ်နှင့် အမည် | အလှူငွေ (ကျပ်) |
|---|---|---|---|---|---|---|---|---|
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |

[illegible]


## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန် တိုက်တွန်းနှိုးဆော်

"ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှင့် ပြင်းထန်မှုတို့ကို လျှော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါ ခံစားနေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ရောဂါ၏ နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများ ထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှ လျှော့ချနိုင်ခြင်းတို့ကြောင့် အသက် (၅) နှစ်နှင့် အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာ ကျန်းမာရေးဌာနများနှင့် ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး (ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး) များကို မဖြစ်မနေ သွားရောက်ထိုးနှံပါရန် အသိပေးနှိုးဆော်အပ်ပါသည်။"

ကျန်းမာရေးဝန်ကြီးဌာန



## အမွေဆက်ခံရန် သက်သေခံလက်မှတ်လျှောက်ထားကြောင်း အကြောင်းကြားစာ

(အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၃၇၃)

ကျောက်တံတားခရိုင်တရားရုံးတော်

၂၀၂၄ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၁၄

ကွယ်လွန်သူ ဦးစန်းလွင် ၏ ကျန်ရစ်သောပစ္စည်းအကြောင်း။

ဒေါ်လှလှရီ ... လျှောက်သူ။

အမှတ်(၁၄၈)၊ မြေညီထပ်၊ ၁၆လမ်း၊ (၇)ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ ဒေါ်လှလှရီက ကွယ်လွန်သူ ဦးစန်းလွင်၏ဇနီး ဖြစ်သည်ဟူ၍ အမှတ်-၁၄၈၊ မြေညီထပ်၊ ၁၆လမ်း၊ (၇)ရပ်ကွက်၊ လမ်းမတော် မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ ၎င်းကွယ်လွန်သူ ဦးစန်းလွင်မှာ ကျန်ရစ် သောပစ္စည်းများထဲမှရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံ ခြင်း အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားသည်ဖြစ် ၍ ၎င်းကွယ်လွန်သူ ဦးစန်းလွင်မှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူ ဟူသမျှတို့သည် ဤရုံးသို့ ၂၀၂၄ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ရက် (၁၃၈၅ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်) နံနက် ၁၀:၃၀နာရီတွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်သူ ဒေါ်လှလှရီ၏ လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ်ရသင့် မသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့် မည်။

၂၀၂၄ခုနှစ်၊ ဖေဖော်ဝါရီလ ၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

(ထိပ်ထားလေး)
ဒုတိယခရိုင်တရားသူကြီး(၁)
ကျောက်တံတားခရိုင်တရားရုံး

## မြေကွက်ဝယ်ယူမည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာတိုးချဲ့(၂) ရပ်ကွက်၊ အမှတ် ၁၆၁၊ အကျယ်အဝန်းပေ(၄၀X၆၀)၊ ဧရိယာ စတုရန်းပေ ၂၄၀၀၊ ဒေါက်တာမြတ်ဝဏ္ဏစိုး ၁၂/ကတတ(နိုင်)၀၁၂၂၉၉ အမည်ပေါက် ပါမစ်အမျိုး အစား မြေကွက်နှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ ကို အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ထားပြီးရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြု လျက် လက်ရောက်ရရှိထားသူ ဒေါ်စနေမ ၁၂/သလန(နိုင်)၀၇၄၃၉၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ် တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။သို့ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ် အား ကန့်ကွက်လိုသူများအနေဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက် အတွင်း ခိုင်လုံသည့် သက်သေအထောက်အထားမူရင်းများကိုင်ဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမင်းမင်းထွန်း၏လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ဂျူလိုင်မိုး(LL.B,D.B.L)၊ အထက်တန်းရှေ့နေ(စဉ်-၅၂၀၇၃)
(၅၄)ရပ်ကွက်၊ ကျွန်းရွှေဝါလမ်း၊ အမှတ်(၁၃၀၇)
ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဖုန်း-၀၉-၄၅၆၁၃၃၄၄၆

## ဦးကျော်သူရထွန်းနှင့်အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်နေ (ဘ)ဦးသန်းမြင့်၏ သမီး ၁၂/ဥကတ(နိုင်) ၁၄၃၀၄၄ အသက်(၄၄)နှစ်ရှိ ကျွန်မ ဒေါ်စန္ဒာမြင့်နှင့် (ဘ) ဦးသန်းထွန်း၏သား ဦးကျော်သူရထွန်း ၇/ပမန(နိုင်) ၁၀၃၄၂၀ အသက် (၅၁) နှစ် ရှိတို့သည် လွန်ခဲ့သော (၃-၇-၂၀၀၃)ရက်က မြန်မာဓလေ့ထုံးတမ်းနှင့်အညီ ထိမ်းမြားလက်ထပ်ခဲ့ကြ၍ သားကြီး မောင်ဘုန်းပြည့်မင်းနှင့် သားငယ် မောင်ကောင်း ဆက်ယံတို့ ထွန်းကားခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၅)လမ်း၊ မြေတိုင်းအကွက်အမှတ် (၇)၊ မြေကွက်အမှတ် (၁၁၀၉/က)ဟုခေါ် တွင်သော အလျားxအနံ (၂၀x၆၀)(၁၂၀၀)စတုရန်းပေ အကျယ်အဝန်းရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်အား လွန်ခဲ့သော (၉-၂-၂၀၂၂)ရက်တွင် မှတ်ပုံတင်စာချုပ် အမှတ် (၁၀၁၂/၂၀၂၂)အရ ဦးကျော်သူရထွန်း အမည်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ယင်းမြေပေါ်တွင် (၁၈)ပေ x (၆၀)ပေ တစ်ထပ်ခွဲ၊ နေအိမ်အဆောက်အအုံအား ဆောက်လုပ်နေထိုင်ခဲ့ကြပါသည်။ ကျွန်မ ဒေါ်စန္ဒာမြင့်နှင့် ဦးကျော်သူရထွန်း တို့သည် စိတ်သဘောထားခြင်း တိုက်ဆိုင်မှု မရှိတော့သည့်အတွက် လွန်ခဲ့သော (၂၆-၁-၂၀၂၄)ရက်တွင် သဃ်န်းကျွန်း ခရိုင်တရားရုံးတော်၌ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခဲ့ကြပါသည်။

ကျွန်မနှင့် ဦးကျော်သူရထွန်း တို့သည် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲ ခဲ့ကြပြီး ဖြစ်ပါသော်လည်း ပစ္စည်းခန်း ခွဲဝေရသေးခြင်း မရှိသေးသည့်အတွက် အထက်ဖော်ပြပါ အိမ်နှင့်ခြံမြေသည် လင်မယားနှစ်ဦးပိုင် လက်ထပ်ပွားပစ္စည်း အဖြစ် ကျန်ရှိ နေပါသည်။

သို့ဖြစ်ပါ၍ ဖော်ပြပါ အိမ်နှင့်ခြံမြေအား ဦးကျော်သူရထွန်းမှသော်လည်း ကောင်း၊ အခြားမည်သူတစ်စုံတစ်ယောက်ကမှသော်လည်းကောင်း ကျွန်မ ဒေါ်စန္ဒာမြင့်၏ သဘောထားခွင့်ပြုချက်မပါရှိပါဘဲ၊ သို့တည်းမဟုတ် ကျွန်မအား တစ်စုံတစ်ရာ အသိပေးခြင်းမရှိဘဲ လွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အမည်ပြောင်းလဲခြင်း၊ တစ်နည်းနည်းလွှဲပြောင်းခြင်းတို့အား တရားဝင်အရ သော်လည်းကောင်း တရားမဝင် အားဖြင့်သော်လည်းကောင်း ပြုလုပ်ဆောင် ရွက်ခြင်းတို့အား ကျွန်မ ဒေါ်စန္ဒာမြင့်အနေဖြင့် ကန့်ကွက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်စန္ဒာမြင့် ၁၂/ဥကတ(နိုင်) ၁၄၃၀၄၄**

## စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ် သမဝါယမအသင်းစုမှ အိတ်ပိတ်တင်ဒါစနစ်ဖြင့် လျှောက်လွှာခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်သမဝါယမအသင်းစုပိုင် ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ ကုန်ဈေးတန်းအထက် လမ်းရှိ တိုက်အမှတ် ၂၆၂/၂၈၆၊ (ဒုတိယထပ်)အခန်းအမှတ် ၂၅/၂၆ အကျယ်အဝန်း တစ်ခန်းလျှင် (၁၄x၅၀)ပေရှိ တိုက်ခန်း(၂)ခန်းမှ (၂) ခန်းလုံးကို ဝယ်ယူလိုလျှင် သော်လည်းကောင်း၊ တစ်ခန်းစီခွဲ၍ ဝယ်ယူလိုလျှင်သော်လည်းကောင်း အိတ်ပိတ်တင်ဒါနစ်ဖြင့် ရောင်းချ မည်ဖြစ်ပါသည်။

**တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၈-၂-၂၀၂၄ရက်
**တင်ဒါလျှောက်လွှာပိတ်သိမ်းမည့်ရက်** - ၂၁-၂-၂၀၂၄ရက်
**တင်ဒါလျှောက်လွှာရောင်းချမည့်နေရာ**- မုံရွာမြို့နယ် သမဝါယမ အသင်းစု၊ အလယ်ရပ်ကွက်၊ မုံရွာမြို့၊ မုံရွာမြို့နယ် သမဝါယမဦးစီးဌာန၊ ဆူးလေကုန်းရပ်ကွက်၊ မုံရွာမြို့

၂။ အာမခံစပေါ်ငွေ ပေးသွင်းထားသည့်အထောက်အထားမူရင်းအား သက်ဆိုင်ရာ လေလံတင်ထုခွဲရောင်းချရေးကော်မတီထံသို့ သီးခြား အပ်နှံရမည်ဖြစ်ပြီး တင်ဒါတင်သွင်းလျှောက်လွှာများကို အာမခံစပေါ် ငွေပေးသွင်းထားသည့် အထောက်အထားမိတ္တူနှင့်အတူ လျှောက်လွှာ ပိတ်သိမ်းမည့်ရက် (၂၁-၂-၂၀၂၄)ရက် ညနေ ၄နာရီနောက်ဆုံးထား ၍ မြို့နယ်သမဝါယမအသင်းစု၊ မုံရွာမြို့သို့ ပေးသွင်းရန်ဖြစ်ပြီး သတ်မှတ်ချိန်ထက်ကျော်လွန်တင်သွင်းသော လျှောက်လွှာများကို ထည့် သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ (၂၃-၂-၂၀၂၄)ရက် နံနက် ၁၀နာရီတွင် လျှောက်လွှာများကို ဖွင့်လှစ်ဆောင်ရွက် သွားမည်ဖြစ်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ် မေးမြန်း နိုင်ပါသည်။ ဖုန်း-၀၉-၉၅၁၀၈၂၀၆၅၊ ၀၉-၂၅၉၁၂၉၀၁၂၊ ၀၉-၉၇၄၂၃၄၄၆၈၊ ၀၉-၄၂၀၇၀၁၇၀၉

**အိတ်ပိတ်လေလံထုခွဲ ရောင်းချရေးအဖွဲ့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆/ကံဘဲ့၊ မြေကွက် အမှတ် ၁/ယ/၂ + ၁/ယ/၁-B ၊ ဧရိယာ(၀ဒသမ၁၁၁၄)ဧက၊ မြေအမျိုး အစား နှစ်(၆၀) မြေငှားဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ်(၉/B)၊ ဂီတမာလာလမ်း၊ (၁၆) ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အိမ် အကျိုးခံစားခွင့်အရပ်ရပ်တို့၏ မြို့မြေစာရင်းအမည်ပေါက်ပိုင်ရှင် ဒေါ်ခင်ဝင်း ၁၂/ဒဂန (နိုင်) ၀၁၉၀၃၁ [၎င်း၏ကိုယ်စား ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင် ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၂၂၉၇၉/၂၀၂၂(၈-၁၂-၂၀၂၂)အရ ဒေါ်ဆွေ လပြည့်စိုး(ဘ)ဦးကျော်စိုး ၁၂/မရက (နိုင်) ၁၃၆၀၅၂]က မိမိတစ်ဦးတည်း ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့ မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသည့် ရောင်းဘိုးငွေအနက် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံ သော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ် တို့ထံသို့ ခုနစ်ရက်အတွင်းကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ် သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကျော်မင်းနိုင် — ဦးသန့်ဇော်
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၇၆၃) — တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁)
အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက် အမှတ် ၁၄/ဆင်ဖြူရှင် ရပ်၊ ဆင်ဖြူရှင်ရပ်ကွက်ရှိ တပ်ကြပ်ဖိုးအေး(ကိုယ်ပိုင်အမှတ် ၇၉၈၃၃၉) ၉/ပမန(နိုင်)၀၀၇၀၆၂ (ဘ)ဦးညွှန့်တင် အမည်ပေါက် ပါမစ်မြေကွက် အမှတ် ပစ(င) ၃၄၆ အမည်ပေါက် (ကွယ်လွန်)၏တရားဝင်အမွေခံဇနီး ဖြစ်သူ ဒေါ်မိုးမိုးဝင်း ၉/ပမန(နိုင်)၁၈၃၈၃၀ (ဘ)ဦးတင်အောင်မှ တရားဝင် အမွေခံဇနီးဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဖိုးပေး သွင်း၊ ငွေချလန်မိတ္တူ၊ တပ်ကြပ်ဖိုးအေး သေဆုံးခြင်းလက်မှတ်မိတ္တူ၊ မြေကွက်ပေါ်ရှိ အဆောက်အအုံပုံများတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှား စာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီ များဖြင့်အထောက်အထားခိုင်လုံစွာတင်ပြ၍နေပြည်တော်စည်ပင်သာယာ ရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက် ပါရှိသည့်ရက်မှ စ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်း များနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင် ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 76W/61931, Honda Wave110 M/Cယာဉ် လက်ဝယ်ရှိသူ ဒေါ်ပန်းအိဖြိုး ၁၄/မအပ(နိုင်) ၂၂၁၂၃၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေး ရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူ ကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

ကညန၊တိုင်းဒေသကြီးရုံး
(ပုသိမ်မြို့)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 14U/4087 ယာဉ်လက်ဝယ်ရှိသူ ဦးမောင်ဝင်း ၇/ဝမန(နိုင်)၀၇၇၄၁၃ က(ကမ- ၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေး ရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူ ကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

ကညန၊တိုင်းဒေသကြီး
ဦးစီးမှူးရုံး(ပဲခူး)

## ငြင်းချက်ထုတ်ရန်ဆင့်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၁ နှင့် ၅)

ဒဂုံမြို့သစ်ခရိုင်တရားရုံးတော်

၂၀၂၃ခုနှစ်၊ တရားမကြီးမှုအမှတ် - ၃၀၁

ဒေါ်တင်တင်မြင့် — နှင့် — ဒေါ်စုစုရီ
**တရားလို** — **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ စွန်းလွန်းဂူကျောင်းလမ်း၊ အမှတ်(၄)နေ တရားပြိုင် ဒေါ်စုစုရီ (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း မြေနှင့်အိမ်အရောင်းအဝယ် စာချုပ်ကို မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ် တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ရက်(၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ရက်) မွန်းမတည့်မီ နံနက် ၁၀နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆို လွှာကို ထုချေရှင်းလင်းရန်ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင်အထက်ပါ နေ့ရက်တွင် သင်မလာ ရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင်ငြင်းချက် များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် သက်ဆိုင် သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ် စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့် ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(အောင်မင်းထွန်း)
ခရိုင်တရားသူကြီး
ဒဂုံမြို့သစ်ခရိုင်တရားရုံး

## ဖခင်အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

ဂွမြို့၊ ကင်းရုံးရပ်ကွက်နေ ဦးမင်းမင်းဇော် ၈/ ပဖန(နိုင်) ၀၉၇၀၃၉ ၏ ဖခင်အမည်မှန်မှာ ဦးဌေးဖြစ်ပါကြောင်းနှင့် ဦးမင်း မင်းဇော်၏ မွေးသက္ကရာဇ်အမှန်မှာ အခြေခံပညာအထက်တန်း စာမေးပွဲအောင်လက်မှတ်အရ ၃-၆-၁၉၈၁ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၃၊ မင်္ဂလာလမ်း၊ မြေကွက်အမှတ် ၂၂၃၊ မြေအကျယ်အဝန်း(၄၀X၆၀) ပေရှိ ဒေါ်ရီရီဝင်းရှိန် အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့်(၂)ခန်းတွဲ(၆)ထပ်တိုက်၏ B-2၊ ဒုတိယထပ်(၃)လွှာ၊ အခန်းအကျယ်အဝန်း(၁၉X၅၅)ပေရှိ တိုက် ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းတွင် အခိုင်အမာတွယ်ကပ်တပ်ဆင်ထားသော ပစ္စည်းများနှင့်စပ်လျဉ်း၍ အကျိုး ခံစားခွင့်အရပ်ရပ်အားလုံးကို ဦးမျိုးမင်းအောင် ၁၂/မဂဒ(နိုင်)၁၁၀၂၂၀က မိမိ သာ တရားဝင်လက်ရှိထားပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ မိမိမှပြန်လည် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အထက်ပါ တိုက်ခန်းအား အပြီးအပိုင် လက်ရောက်ဝယ်ယူရန် အတွက် ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူကရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ် ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်း များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန် ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်နုနုရီ(LL.B,W.I.P.O-Switzerland) — ဦးစဇော်မင်းထွေး(LL.B)
အထက်တန်းရှေ့နေ(စဉ်-၅၅၂၇၁) — အထက်တန်းရှေ့နေ(စဉ်-၃၃၈၀၇)
အမှတ်(၂၇)၊ပထမထပ်၊ပေ(၅၀)လမ်း၊(၃)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၉-၇၅၅၁၄၅၄၃၉၊ ၀၉-၄၅၃၄၃၅၇၉၂

## တစ်ဦးတည်းဖြစ်ပါကြောင်း

မြောင်းမြမြို့နယ်၊ ကံသာကုန်း ကျေးရွာအုပ်စု၊ ဖျိုင်းဖြူကျေးရွာ၊ အလက(ခွဲ) ကံသာကုန်းမှ (ဒုလယ်ပြ)ဒေါ်မာမာကြည် ၁၄/ မမန(နိုင်)၀၀၁၉၁၃၏ ဖခင် အမည် ဦးကုပ်ကြီးနှင့် ဦးကုန်း ကြီး သည် တစ်ဦးတည်းဖြစ်ပါ ကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

မြောင်းမြမြို့နယ်၊ မရမ်း ကုန်းရွာမ၊ အမက(မူပြ) ဒေါ်ဝေဝေခိုင် ၁၄/မမန(နိုင်) ၁၄၇၁၄၃၏ ဖခင်အမည် ဦးသိန်းဟန်နှင့် ဦးဟန်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

မြောင်းမြမြို့နယ်၊ ထန်းကုန်း ကျေးရွာအုပ်စု ၊ မဒေါ့ကုန်းအမက၊ အထွေထွေလုပ်သား မန်းဝင်းဦး ၁၄/မမန(နိုင်)၀၇၃၅၂၂၏ ဖခင် အမည် မန်းဖိုးချုံချုံနှင့် မန်းဖိုးချုံ တို့သည် တစ်ဦးတည်းဖြစ်ပါ ကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

မြောင်းမြမြို့နယ်၊ ကဝက် ရွာသစ် အလက(ခွဲ)မှ(မူအုပ်) ဒေါ်မြင့်မြင့်ခိုင် ၁၄/မမန(နိုင်) ၀၀၂၇၅၃၏ ဖခင်အမည် ဦးစော ရွှေနှင့် မန်းစောရွှေ (ခ)မန်းဘိုချုပ် သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

မြောင်းမြမြို့နယ်၊ ကဝက် ရွာသစ် အလက(ခွဲ)မှ(မူပြ)ဒေါ်နန့် သန်းနွယ်ဦး ၁၄/မမန(နိုင်) ၀၀၂၃၄၅ ၏ ဖခင်အမည် မန်းအောင်ညိမ်းနှင့် မန်းအောင် ငြိမ်း သည် တစ်ဦးတည်းဖြစ်ပါ ကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

မြောင်းမြမြို့နယ်၊ ကဒက် ကွင်းကျေးရွာအုပ်စု၊ ပေပင် အမက(မူပြ) ဒေါ်ဌေးဌေးဝင်း ၁၄/မမန(နိုင်)၁၄၇၄၇၂ ၏ ဖခင် အမည် မန်းသာခွေးနှင့် မန်းအင်းဝွေး သည် တစ်ဦး တည်းဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈၂)၊ (၇)ရပ်ကွက်၊ ရွှေကိန္နရီအိမ်ရာ၊ မြေကွက်အမှတ် (ဘီ၂၆ + ဘီ၂၇/က)၊ အကျယ်အဝန်း (၀.၁၆၅)ဧကရှိ ဦးဝစ်ရာကူးမာလ် (ခ) ရော်နီ (၁၂/ကတတ (ဧည့်) ၀၀၁၀၅၆) အမည်ပေါက် နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဦးဝစ်ရာကူးမာလ် (ခ) ရော်နီ (၁၂/ကတတ (ဧည့်) ၀၀၁၀၅၆) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန် ပါက အရောင်းအဝယ် ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး — ဒေါ်လင်းလင်းထက်
LL.B, D.B.L, D.I.L., — LL.B,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) — အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)
၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅/တပင်ရွှေထီးရပ်၊ တပင်ရွှေထီးရပ်ကွက်ရှိ တပ်ကြပ်ကြီး ဌေးအောင်(ကိုယ်ပိုင်အမှတ် ၆၈၉၉၃၁) ၃/ဘအန(နိုင်) ၀၁၂၀၇၉(ဘ)ဦးတင်မောင် အမည်ပေါက် ပါမစ်မြေ ကွက်အမှတ် ပစ(င)၅၂၈၀အမည်ပေါက် (ကွယ်လွန်)၏ တရားဝင်အမွေခံ ဇနီးဖြစ်သူ ဒေါ်စောသီတာမိုး ၃/ဘအန(နိုင်) ၀၅၄၉၇၁(ဘ) ဦးတင်ရှိန် မှတရားဝင်အမွေခံဇနီးဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဖိုးပေးသွင်းချလန်မိတ္တူ၊ တပ်ကြပ်ကြီးဌေးအောင် သေဆုံးခြင်းလက်မှတ် မိတ္တူ၊ မြေကွက်ပေါ်ရှိ အဆောက်အအုံပုံများ တင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ် စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ် နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေး သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## လေလံလျှော့ကျော်လွှာခေါ်ယူခြင်း

